မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၄၈)၊ ၁၃၈၈ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ ၅-၅-၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tariq Karim အား လက်ခံတွေ့ဆုံ

## ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ ဆွေးနွေး



ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tariq Karim အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် မေ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးညိုစောသည်မြန်မာနိုင်ငံဆိုင်ရာပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတဦးညိုစောနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်လတ်၊ ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ချစ်ကြည်ရေးခရီးလည်ပတ်ရန် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်နှစ်စင်း ရောက်ရှိ

နေပြည်တော် မေ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Satpura(F-48) နှင့် INS Sunayna(P-57)တို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားသို့ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်များတွင် အရာရှိ၊ စစ်သည်စုစုပေါင်း ၅၂၇ ဦး လိုက်ပါလာပြီး မေ ၆ ရက်အထိ သုံးရက်ကြာနေထိုင်၍ ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်သွားမည်ဖြစ်ကာ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများလည်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်ကို တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။


**ယနေ့ ဖတ်စရာအညွှန်း**

ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲနှင့် လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ

စာမျက်နှာ ၆

ပစ်တာအိုဆင်ဟန်၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၁၅၀ အဖြစ် ဂါလာတာစာရေးအသင်း သတ်မှတ်

စာမျက်နှာ ၁၁

ရာဖွေကယ်ဆယ်ရေးများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်နေသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ (ဆောင်းပါး)

စာမျက်နှာ ၁၇


# မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၄

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ မေ ၅ ရက်၊ အင်္ဂါနေ့။

## နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုပါ၏

၂၀၂၆ ခုနှစ်၊ မေလ ၅ ရက်သည် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာပစ္စည်းများကို မီးဘေးအန္တရာယ်နှင့် အခြားသော ဘေးအန္တရာယ်အမျိုးမျိုးမှ ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့ပြီး သမိုင်းဂုဏ်ဒြပ်အစဉ်အလာကြီးမားစွာ ရပ်တည်လာခဲ့သည်မှာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များဖြစ်သည်။

နှစ်(၈၀)ပြည့်အတွင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ပြည်သူလူထုအတွင်း မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးစသည့် ရည်မှန်းချက်တာဝန်များကို ဦးလည်မသုန် တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ခေတ်အဆက်ဆက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် မီးသတ်လုပ်ငန်းဆိုင်ရာများကို စွမ်းအားပြည့်တာဝန်ထမ်းဆောင်နေကြသည့် မီးသတ်တပ်ဖွဲ့ဝင်အားလုံးကို ဂုဏ်ပြုပါသည်။

မြန်မာနိုင်ငံ၏သမိုင်းကို ပြန်ကြည့်ပါက ခရစ်နှစ် ၁၀၄၄ ခုနှစ်တွင် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းစောလက်ထက် စည်ပင်ဝပြောသာယာခဲ့သည့် နိုင်ငံတော်ကို မီးဘေးမသင့်စေရေး မီးသတိပေး မောင်းသံများနှင့်စတင်ခဲ့ပြီး မီးသတ်လုပ်ငန်းဆိုင်ရာများကို အကောင်အထည်ဖော်နိုင်ရေး သောသောညံ့ပုဂံမီးဆော်မောင်းဟူသည့် ဂဏန်းအမှတ်အသားသံခိပ်(လက်ဘ်)အရမီးတပ်သားတစ်နည်းအားဖြင့် မီးသတ်သမားများကို သတ်သတ်မှတ်မှတ် စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ထို့ပြင် ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်အထိ ခေတ်အဆက်ဆက်တွင်လည်း မီးဘေးမသင့်စေရေး မီးသတ်လုပ်ငန်းကို စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်ကို ဂုဏ်ယူစွာတွေ့ရှိရပါသည်။ မီးသတ်လုပ်ငန်း၏ သဘောသဘာဝအရ တစ်ဦးတစ်ယောက်တည်း လုပ်ဆောင်၍မရဘဲ လူအများက ပေါင်းစပ်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် အုပ်ချုပ်သူ ဘုရင်၊ ရဲမက်များ၊ ပြည်သူများ၏ စုပေါင်းစွမ်းအားဖြင့်သာ မီးဘေးအန္တရာယ်ကို ထိထိရောက်ရောက် ကာကွယ်နိုင်ကြောင်းကို ရှေးမြန်မာမင်းများလက်ထက်ကပင် သိရှိနားလည်ခဲ့ကြသည်ကို တွေ့ရပါသည်။

ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် အင်္ဂလိပ်နယ်ချဲ့တို့သည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကိုသာ ကာကွယ်နိုင်ရေး မြူနီစီပယ်မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြသည်။ ထို့ကြောင့် ခေတ်ပညာတတ် မျိုးချစ်လူငယ်များသည် မိမိတို့ရပ်ရွာ၊ မိမိတို့၏ဒေသကို မီးဘေးကာကွယ်နိုင်ရေး အပျော်တမ်းမီးသတ်အဖွဲ့များကို အမျိုးသားရေးစိတ်ဓာတ်နှင့်ဖွဲ့စည်းပြီး ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ ၁၉၀၀ ပြည့်နှစ်နှောင်းပိုင်းမှစတင်ပြီး စေတနာ့ဝန်ထမ်း အပျော်တမ်းမီးသတ်တပ်ဖွဲ့များကို တစ်နိုင်ငံလုံး မြို့နယ်အလိုက် ဖွဲ့စည်းတည်ထောင်လာခဲ့ကြသည်။

၁၉၄၆ ခုနှစ်၊ မေလ ၅ ရက်တွင် ရန်ကုန်မြို့၊ ကန်တော်ကလေးရှိ ဇီနတ်အစ္စလာမ်မိန်းကလေးကျောင်းတွင် မြန်မာတစ်ပြည်လုံးတွင်ရှိသည့် မီးသတ်အဖွဲ့အစည်းများသည် ပထမအကြိမ်စေတနာ့ဝန်ထမ်းမီးသတ်အစည်းအရုံးကြီး ညီလာခံကို ကျင်းပနိုင်ခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံး ညီလာခံကျင်းပခဲ့သည့် မေလ ၅ ရက်နေ့ တစ်နည်းအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စည်းလုံးညီညွတ်စွာ ပေါင်းစည်းနိုင်ခဲ့သည့်နေ့ကို အစွဲပြုပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အဖြစ် ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုပါက နှစ်(၈၀)ပြည့်တိုင်ခဲ့ပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ဉာဏ်တော် ၅၄ ပေရှိ လိုတရပြည့်လုံးချမ်းသာ အောင်တော်မူစေတီတော် တည်ထားပူဇော်မည်

ပြင်ဦးလွင် မေ ၄

ပြင်ဦးလွင်မြို့၊ ပွဲကောက်ရွာ သာသနာရာမ ရွှေမင်းဝံရိပ်သာကြီးအတွင်း၌ ဉာဏ်တော် ၅၄ပေရှိ လိုတရပြည့်လုံးချမ်းသာ အောင်တော်မူစေတီတော်ကြီးကို တည်ထားလျက်ရှိကြောင်း ဦးခန္တီဘုရားကြီးကျောင်းတိုက်နှင့် သာသနာရာမရွှေမင်းဝံရိပ်သာကြီး၏ ဦးစီးပဓာနနာယက သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တသာသနက မိန့်ကြားသည်။



အဆိုပါစေတီတော်ကြီးမှာ ဉာဏ်တော် ၅၄ ပေရှိပြီး အကျယ်ပေ ၁၁၀ ရှိ၍ မန်တိုင် ကိုးပေပတ်လည်ရှိကြောင်း စေတီတော်ကြီးအား မန္တလေးမြို့၊ စက်မှုဇုန်(၂)နေ ကိုအောင်မိုးကျော်၊ မမိုးမိုးသိန်း (ကျော်ပဒေသာ မိသားစုက) မ,တည် လှူဒါန်းထားကြပြီး ခုနှစ်ရက်သားသမီးများ၏ ကုသိုလ်ကောင်းမှုဖြင့် တည်ထားလျက်ရှိကြောင်း ဆရာတော်က ဆက်လက် မိန့်ကြားသည်။

လိုတရ ပြည့်လုံးချမ်းသာ အောင်တော်မူစေတီတော်ကြီး အမြန်ပြီးစီးပူဇော်နိုင်ရေးအတွက် စေတနာရှင်၊ ပါရမီရှင်၊ ကုသိုလ်ရှင်များ ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် လှူဒါန်းလိုသူများအနေဖြင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး(မြောက်)နေ ဦးဝင်းသိန်း+ဒေါ်ခင်မာဝင်း ( ဦးဝင်းသိန်းကြံ့နှစ်ကောင်ဘိလပ်မြေ၊ ရှမ်း/မြောက်ကိုယ်စားလှယ်)၊ ဖုန်း ၀၉-၄၀၂၅၉၅၄၇၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၅၃)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

## ဘောလုံး၊ ကြက်တောင်နှင့် ပြေးခုန်ပစ်အားကစားနည်းသင်တန်းများ အခမဲ့ဖွင့်လှစ်

လားရှိုး မေ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် Football For School Program အရ ဆောင်ရွက်သည့် ဘောလုံး၊ ကြက်တောင်နှင့် ပြေးခုန်ပစ် အားကစားသင်တန်းများ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းက ပြည်ထောင်စုအားကစားကွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများက အားကစားသစ္စာအဓိဋ္ဌာန်အား စုပေါင်းရွတ်ဆိုကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လားရှိုးမြို့နယ် မြို့နယ်ဦးစီးမှူး ဦးကျော်သက်နိုင်တို့က အားကစားသင်တန်းသား၊ သင်တန်းသူများအတွက် အားကစားပစ္စည်းများကိုလည်းကောင်း၊ အားကစားဝတ်စုံများကိုလည်းကောင်း၊ ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ သင်တန်းအား သင်တန်းနည်းပြဆရာကိုးဦးဖြင့် မေ ၄ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀၀ ဦးတက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

လူမော်(ပြန်/ဆက်)

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း သင်တန်းဖွင့်

စဉ့်ကိုင် မေ ၄

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း (ဆပ်ပြာ) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကသဲစုကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီဦးက အဖွင့်အမှာစကားပြောကြားပြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း (ဆပ်ပြာ) သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာမများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ) သင်တန်းကို ကသဲစုကျေးရွာမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးက လူသုံးကုန်ပစ္စည်းပြုလုပ်နည်း (ဆပ်ပြာ) သင်တန်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို မေ ၄ ရက်မှ ၈ ရက်အထိ ၅ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ပြောကြားကြောင်း သိရသည်။



(အောက်ပုံ)

(အောင်ရဲကျော်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် မေ ၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယကြည်းတပ်စစ်သံမှူး Colonel Jaswinder Singh Gill၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူး Captain Manoj Kumar Pandey နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံခေါင်းဆောင်များနှင့် တပ်မတော် ခေါင်းဆောင်များ အပြန်အလှန် လည်ပတ်ခြင်းဖြင့် ခိုင်မာ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့မှုအခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အဆင့်လိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား ယှဉ်ကျေးမှုအဖွဲ့များနှင့် အားကစားအဖွဲ့များ အပြန်အလှန် အလည်အပတ် စေလွှတ်မည့် အခြေအနေများ၊ ပင်လယ်ရေကြောင်း ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များ၊ သင်တန်းသားများ စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ရေတပ်များအကြား စွမ်းဆောင်မှုဆိုင်ရာ မြှင့်တင်ရေးစစ်ရေးလေ့ကျင့်ခန်းများတွင် ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသအတွင်းအကြမ်းဖက်သောင်းကျန်းသူများမရှိစေရေး လုံခြုံရေးအရ ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများနှင့် မြန်မာနိုင်ငံတွင် တရားမျှတ၍ သိက္ခာရှိသော ရွေးကောက်ပွဲ ပြီးမြောက်ကာ ပြည်သူကို ကိုယ်စားပြုသည့် အစိုးရအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ ဆက်လက် လျှောက်လှမ်းကာ ဒေသတွင်း အကျိုးစီးပွားကို ဟန်ချက်ညီ ဆက်လက်ဖော်ဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး H.E. Mr. Tariq Karim အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၄

နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်နိုင်မည့် အခြေအနေ၊ စီးပွားရေးနှင့် ကုန်သွယ်မှုများမြှင့်တင်နိုင်မှုအခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေးနှင့် ကဏ္ဍစုံတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များအတွက် ပိုမိုအားကောင်းခိုင်မာလာစေရန်တို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# မူဆယ်မြို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း ဖွင့်လှစ်

မူဆယ် မေ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက သင်တန်းဖွင့်မိန့်ခွန်းပြောကြားပြီး သင်တန်းကျောင်းအုပ် ဒေါ်နန်းစောရင်က သင်တန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသော ဧည့်သည်တော်များက ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်း၊ သင်ကြားမည့် ဒီဇိုင်းလက်ရာများကို ကြည့်ရှုအားပေးကြသည်။ သင်တန်းကို သင်တန်းသူ ၂၅ ဦးဖြင့် ၂၂ ပတ်ကြာ သင်ကြားပို့ချပေးမည်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ရွေးကောက်ပွဲတွင်အသုံးပြုခဲ့သည့် မြန်မာအီလက်ထရောနစ် မဲပေးစက်များ ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးခင်မောင်လတ်တို့နှင့်အတူ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုနယ်မြေ မြို့နယ်ရှစ်မြို့နယ်၌ အသုံးပြုခဲ့သည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များအား ထိန်းသိမ်းထားရှိမှုနှင့် ခြောက်လတစ်ကြိမ် စစ်ဆေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ပြည်ထောင်စုနယ်မြေ မြို့နယ်ရှစ်မြို့နယ်၌ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်အသုံးပြုခဲ့သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်များအား သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူနည်းပညာရှင်များဖြင့် စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိမှုများ ပြင်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မဲပေးစက်များသည် ကြီးကြပ်ကနဲ့သတ်ပစ္စည်းများဖြစ်၍ ထိခိုက်ပျက်စီးမှုမရှိစေရေး အီလက်ထရောနစ်မဲပေးစက် စစ်ဆေးထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ပါအချက်များဖြစ်သော အီလက်ထရောနစ်မဲပေးစက်များ စစ်ဆေးခြင်း၊ အီလက်ထရောနစ်မဲပေးစက်များထားသိုခြင်း၊ ဘက်ထရီများထားသိုခြင်း၊ လုံခြုံရေးအစီအမံများ၊ စစ်ဆေးပြီးစီးမှုများကို ကော်မရှင်သို့တင်ပြခြင်း စသည့်အချက်များအတိုင်း စနစ်တကျထားသိုထိန်းသိမ်းကြရန်နှင့် ခြောက်လတစ်ကြိမ်ပုံမှန်စစ်ဆေးခြင်းများ အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံ





နေပြည်တော် မေ ၄

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ရွှေနှင့်အဖွဲ့ဝင် ဦးခင်ဇော်တို့အား ယနေ့မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အနေဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်တာများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်အထောက်အကူပြုရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုအခြေခံသင်တန်း အမှတ်စဉ် (၁၂) သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မေ ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်သူ့ရေးရာစီမံခန့်ခွဲမှုအခြေခံသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ သင်တန်း နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၏ "ခိုင်မာသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို ဖော်ဆောင်ရန်အတွက် စွမ်းရည်ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများ မွေးထုတ်ပေးရန်"ဟူသော ရည်မှန်းချက်နှင့်အညီ ယခုသင်တန်းတွင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲ အကောင်အထည်ဖော်ခြင်း၊ စာရင်းပြုစုခြင်း၊ စာရင်းနှင့်လုပ်ငန်းစစ်ဆေးခြင်း၊ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုစသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ယင်းဘာသာရပ်များကို လေ့လာမှတ်သား၍ နိုင်ငံ၏ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ သင်တန်းတွင် လေ့လာသင်ယူခဲ့ရသည်များကို ဌာနတွင် လက်တွေ့အသုံးချရေး၊ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများအား ပြန်လည်မျှဝေဆွေးနွေးခြင်း၊ ဆက်လက်လေ့လာ ဆည်းပူးကြရေးတို့ကို အစဉ်တစိုက်လုပ်ဆောင်သွားကြရန်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးမြင့်လာရေးအတွက် အစဉ်ကြိုးစားကြရန်ဖြစ်ပြီး စွမ်းဆောင်ရည်များ တိုးမြင့်လာသည်နှင့်အမျှ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် ထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပြည်သူ့ရေးရာစီမံခန့်ခွဲမှု အခြေခံသင်တန်း အမှတ်စဉ်(၁၂) သင်တန်းသို့ ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူ ၄၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလခွဲခန့် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမစနစ် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် အသေးစားထုတ်ကုန်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆွေးနွေး

နေပြည်တော် မေ ၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ သမဝါယမဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဒုတိယဝန်ကြီး ဦးသိုက်စိုးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သမဝါယမစနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စနစ်ကျသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြစ်စေရေးနှင့် ထွက်ရှိလာသည့် စိုက်ပျိုးရေးကုန်ကြမ်းများကို အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက နည်းပညာပံ့ပိုး၍ တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်သည်အထိ သမဝါယမစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ သမဝါယမစနစ်(MSME)လုပ်ငန်းများ အောင်မြင်ရေးတို့အတွက် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သမဝါယမစနစ်ကို မဏ္ဍိုင်ပြု၍ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှု တိုးတက်၍ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေး၊ ကျေးလက် အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး၍ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် သတင်းအချက်အလက် မှန်မှန်ကန်ကန် ကောက်ယူပြီး ဒေသခံတောင်သူများ စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လာစေရေး စည်းရုံးဆောင်ရွက်ကြရန်နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ရေးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဆောင်ရွက်ကြရန်နှင့် လက်တွေ့ကျသည့် လုပ်ငန်းစီမံချက်များ ရေးဆွဲတင်ပြ ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် Football for School Programme အစီအစဉ်ဖြင့် အခြေခံဘောလုံးသင်တန်းနှင့်ဆက်စပ်အားကစားနည်းများ အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး မေ ၄**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ အားကစားကဏ္ဍ မြင့်မားရေးနှင့် ပတ်သက်၍ Football for School Programme နှင့် Smart School ကို အားကစားရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ရက်ပေါင်း(၁၀၀)အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများတွင် Piolot Project ဖြင့် ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူး၍ Football for School အစီအစဉ်ဖြင့် အခြေခံဘောလုံးသင်တန်းနှင့် ဆက်စပ်အားကစားနည်းများ အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံ အားကစားခန်းမတွင်ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူ ၁၅၀၀ ဦး တက်ရောက်ကြပြီး အခမ်းအနားကို အစီအစဉ်တိုင်း ကျင်းပခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ ပိုမိုမြင့်တင်နိုင်ရေးတွင် အားကစားလှုပ်ရှားဆောင်ရွက်မှု၏ အခန်းကဏ္ဍတစ်ရပ် ပါဝင်ရာ ယခုလို Football For School Programme နှင့် Smart School ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ အားကစားမြင့်တင်ရေးနှင့် ဘောလုံးအားကစားအဆင့်အတန်း ပိုမိုတိုးတက်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ သင်တန်းများမှတစ်ဆင့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေကာ ကျန်းမာသန်စွမ်း၍ ဉာဏ်ပညာများဖွံ့ဖြိုးပြီး ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများကို မွေးထုတ်ပေးခြင်းဖြင့် မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း ပိုမိုတိုးတက်ရေးတွင် များစွာ အထောက်အကူပြုလာမည် ဖြစ်ပါကြောင်း၊ အားကစားနည်း အခြေခံသင်ခန်းစာများကို သေချာလေ့လာသင်ယူ ကစားသွားရန် လိုအပ်ပါကြောင်း၊ အခြေခံပညာကျောင်းများတွင် အားကစားနှင့် ပတ်သက်ပြီး လိုအပ်သည့်အားကစားကွင်းများနှင့် အားကစားအထောက်အကူပြုပစ္စည်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများတွင် ဘောလုံးသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ နည်းပြ မွမ်းမံသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ မျိုးဆက်သစ် အားကစားသမားအသစ်များ ရွေးချယ်နိုင်ရေး၊ အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေး အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားပြီးနောက် Football for School အစီအစဉ်ဖြင့် အခြေခံဘောလုံးသင်တန်းနှင့် ဆက်စပ်အားကစားနည်းများ အခြေခံသင်တန်းကို စတင်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သင်တန်းအထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သင်တန်းအလိုက်သင်တန်းသား၊ သင်တန်းသူများနှင့် နည်းပြများအား လိုက်လံနှုတ်ဆက်ခဲ့ကြောင်းနှင့် တိုင်းဒေသကြီးအတွင်း ဘောလုံးအားကစားနည်း အပါအဝင် အခြားဆက်စပ် အားကစားနည်း (၁၅)နည်းကို နွေရာသီကျောင်းပိတ်ရက်တွင်သာမက ကျောင်းဖွင့်ရက်များတွင် အခြေခံပညာကျောင်းများ၌ ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**






# ယာယီစာသင်ဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၂) မူလတန်းကြိုကျောင်း၌ ကျောင်းပြန်လည်ဖွင့်လှစ်ခြင်းနှင့် ယာယီစာသင်ဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က ကျောင်းပြန်လည်ဖွင့်လှစ်ခြင်းနှင့် ယာယီစာသင်ဆောင်အသစ် လွှဲပြောင်းပေးအပ်ခြင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် ၂၀၂၅ခုနှစ်၊ မတ် ၂၈ ရက်မှာ လှုပ်ခတ်ခဲ့တဲ့ မန္တလေးငလျင်ကြီးကြောင့် အမှတ်(၂) မူလတန်းကြိုကျောင်းရှိ စာသင်ဆောင် ပြိုကျပျက်စီးခဲ့တဲ့အတွက်၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ ခေတ္တကျောင်းပိတ်ခဲ့ရပြီး ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ဖွံ့ဖြိုးမှု(၅)ရပ်ဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေးဆိုင်ရာဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာဖွံ့ဖြိုးမှု၊ အသိဉာဏ်ဆိုင်ရာ ဖွံ့ဖြိုးမှုများနှင့် စာရိတ္တဆိုင်ရာဖွံ့ဖြိုးမှုများရရှိအောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးဖို့ အရေးကြီးကြောင်း၊ ဖွံ့ဖြိုးမှုအားလုံးဟာ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိသဖြင့် ဟန်ချက်ညီညီ ဖွံ့ဖြိုးမှုရရှိဖို့လည်း လိုအပ်ကြောင်း၊ ၂၀၂၆ ခုနှစ်၊ ဧပြီ ၁၀ရက်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးမှာ ထိရောက်တဲ့ မူကြိုကျောင်းတွေဖြစ်ဖို့နဲ့ Early Childhood Care and Development ဖြစ်တဲ့ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးကြရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်အရ နိုင်ငံတော်အစိုးရသစ်၏ ပထမရက် (၁၀၀) ကာလအတွင်းမှာ မူကြိုကျောင်းများ အဆင့်မြင့်တင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခု အမှတ်(၂) မူလတန်းကြိုကျောင်း ပြန်လည်ဖွင့်လှစ်ခြင်းလုပ်ငန်းဟာ နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)ကာလအတွင်း မူကြိုကျောင်းများ အဆင့်မြင့်တင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးအနေဖြင့် ဆောင်ရွက်တဲ့ လုပ်ငန်းရပ်တစ်ခုဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဆွေဆွေလင်းက စာသင်ဆောင်သစ် ဆောက်လုပ်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး World Vision International (Myanmar) မှ တာဝန်ရှိသူ တစ်ဦးက ယာယီစာသင်ဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**

ဝ-ဝ-ဝ-ဝ



# နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး




**ပုသိမ်ကြီး မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ရုံးအနေဖြင့် ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းနှင့်UID ကောက်ယူခြင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ဆင်ပွတ်ကြီးကျေးရွာ အုပ်စုရှိ ပြည်သူများအား နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှု၍ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) မေဝတီ(ပုသိမ်ကြီး)**

# ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် 'ပျော်ရွှင်ဆင်နွဲ မန်းသင်္ကြန်ပွဲ' နှင့် 'လက်ဖက်ယဉ်ကျေးမှုဆင်နွဲ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ' ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ







**မန္တလေး မေ ၄**

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် 'ပျော်ရွှင်ဆင်နွဲ မန်းသင်္ကြန်ပွဲ' နှင့် 'လက်ဖက်ယဉ်ကျေးမှုဆင်နွဲ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ' ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးခင်မောင်အေး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့်အရာထမ်း၊ အမှုထမ်းများ၊ အမှတ်ပေးအကဲဖြတ်ဒိုင်များ၊ ဝါရင့်ဓာတ်ပုံပညာရှင်များ၊ မျိုးဆက်သစ်ဓာတ်ပုံပညာရှင်များနှင့် ဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်ကာလ၏ သင်္ကြန်ပုံရိပ်များ၊ နှစ်အလိုက် သမိုင်းမှတ်တမ်းမှတ်ရာများ ကျန်ရှိရေးနှင့် ထူးချွန်ဓာတ်ပုံပညာရှင်များ၊ မျိုးဆက်သစ်လူငယ်များပေါ်ထွက်လာစေရန်ရည်ရွယ်၍ 'ပျော်ရွှင်ဆင်နွဲ မန်းသင်္ကြန်ပွဲ' ဓာတ်ပုံပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် တစ်မူထူးခြားစွာဖြင့် မြန်မာတိုင်းရင်းသားတို့၏ ခေတ်အဆက်ဆက် ရိုးရာထုံးတမ်းအစဉ်အလာယဉ်ကျေးမှုများနှင့်အတူ သင်္ကြန်၏အငွေ့အသက်များပါဝင်သည့် မြန်မာ့ရိုးရာသနပ်ခါး၊ လက်ဖက်ယဉ်ကျေးမှုတို့ဖြင့် အတာသင်္ကြန်ပွဲတော်အတွင်း တောင်ပေါ်မြေပြန့်သွေးချင်းမောင်နှမများ ပျော်ရွှင်စွာဖြင့် အတာရေပက်ဖျန်းပါဝင်ဆင်နွဲလေ့ရှိကြသည့် သင်္ကြန်ပုံရိပ်များကို နိုင်ငံတကာကသိရှိနိုင်စေရန် ရည်ရွယ်၍ 'လက်ဖက်ယဉ်ကျေးမှုဆင်နွဲ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ' ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ထည့်သွင်းကျင်းပပေးခဲ့ပါကြောင်း၊ လေ့လာတတ်မြောက်ထားသည့် ဓာတ်ပုံပညာရပ်ဖြင့် မန္တလေးမြို့၏ဂုဏ်ပုဒ်ကို ပြည်တွင်း၊ ပြည်ပမှသိရှိအောင် ကြိုးစားရိုက်ကူးယှဉ်ပြိုင်ခဲ့ကြပြီး ထိုက်တန်သည့်ဆုများ ဆွတ်ခူးရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဓာတ်ပုံပညာရပ်သည်အနုပညာနှင့်သက်ဝင်ဆောင်ရွက်ရခြင်းဖြစ်ပြီး ခေတ်စနစ်တစ်ခု၏ မှတ်တမ်းမှတ်ရာအဖြစ် ကျန်ရစ်ခဲ့မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဌင်းနောက် အမှတ်ပေးရွေးချယ်ပုံအဆင့်ဆင့်နှင့်ပတ်သက်၍ ဓာတ်ပုံပြိုင်ပွဲအကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့သူ ဓာတ်ပုံပညာရှင်တစ်ဦးက 'ပျော်ရွှင်ဆင်နွဲ မန်းသင်္ကြန်ပွဲ' ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဓာတ်ပုံပညာရှင် ၃၆ ဦးမှ ပြိုင်ပွဲဝင်ဓာတ်ပုံစုစုပေါင်း ၁၃၁ ပုံ၊ 'လက်ဖက်ယဉ်ကျေးမှုဆင်နွဲ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ' ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဓာတ်ပုံပညာရှင် ၁၆ ဦးမှ ဓာတ်ပုံစုစုပေါင်း ၆၀ ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဝါရင့်ဓာတ်ပုံပညာရှင်ဒိုင်များက နိုင်ငံတကာ ဓာတ်ပုံပြိုင်ပွဲစံနှုန်းများနှင့်အညီ ပြိုင်ပွဲခေါင်းစဉ်နှင့်ကိုက်ညီမှုရှိသည့်ပုံများကို ဓာတ်ပုံပညာရှုထောင့်အရ အယူအဆ၊ ရှိသင့်ရှိထိုက်သည့် အရည်အသွေးပြည့်စုံမှုရှိသည့် ပြိုင်ပွဲဝင်ဓာတ်ပုံကောင်းများကို အဆင့်ဆင့်



စိစစ်အမှတ်ပေး၍ ဆုရွေးချယ်သတ်မှတ်ပေးထားမှု၊ 'လက်ဖက်ယဉ်ကျေးမှုဆင်နွဲ ဒြပ်မဲ့သနပ်ခါးအလှမန်းသင်္ကြန်ပွဲ' ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆန်ခါတင်စိစစ်ရွေးချယ်ထားသည့် (၂၅)ပုံကို Mandalay City Facebook Page လူမှုကွန်ရက်စာမျက်နှာမှ Like အများဆုံးရရှိသည့်အပေါ် ပွင့်လင်းမြင်သာစွာဖြင့် စိစစ်ရွေးချယ်ပြီး အဆင့်အလိုက်ဆုများ သတ်မှတ်ပေးခဲ့မှုများကို ရှင်းလင်းတင်ပြပြီးနောက် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က အကဲဖြတ်ဒိုင်အဖွဲ့အား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ 'ပျော်ရွှင်ဆင်နွဲ မန်းသင်္ကြန်ပွဲ' နှင့် 'လက်ဖက်ယဉ်ကျေးမှုဆင်နွဲ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ' ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ခြင်းအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က 'ပျော်ရွှင်ဆင်နွဲ မန်းသင်္ကြန်ပွဲ' တွင် ပထမဆုရရှိခဲ့သည့် အောင်သိန်း(ရွှေမန်းသား)နှင့် 'လက်ဖက်ယဉ်ကျေးမှုဆင်နွဲ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ' ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပထမဆုရရှိသည့် ပြည့်ဖြိုးအောင်တို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုတံဆိပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ရရှိသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုတံဆိပ်များကိုလည်းကောင်း အသီးသီးချီးမြှင့်ပေးကြပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြသထားသည့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး



**ချောက် မေ ၄**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက အမှတ်(၇)ရပ်ကွက်သို့ သွားရောက်ကာ တစ်အိမ်တက်ဆင်းမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ရေ၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် မီးသတ်ဆေးဘူးများ စီစဉ်ဆောင်ရွက်ထားရှိရန်၊ လျှပ်စစ်မီးများ အသုံးပြုရာ၌ မီးဘေးလုံခြုံရေး အလေးထား လိုက်နာဆောင်ရွက်ရန်၊ ထင်း၊ မီးသွေးများဖြင့် ချက်ပြုတ်ရာတွင် ထမင်းဟင်းများ ချက်ပြုတ်ပြီးပါက စနစ်တကျငြိမ်းသတ်ထားရှိရန်အချက်များ၊ ဖယောင်းတိုင်မီးများ၊ အမွှေးတိုင်မီးများနှင့် ခြင်ဆေးခွေများ စနစ်တကျအသုံးပြုသွားရန်နှင့် မီးဘေးအန္တရာယ်ကြုံတွေ့ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ဆောင်ရွက်သွားရန်တို့ကို ရပ်ကွက်နေပြည်သူများအား ဆွေးနွေးမှာကြား၍ နေအိမ်များအတွင်း မီးဘေးလုံခြုံ စိတ်ချရမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ကျော်မိုး(ပြန်/ဆက်)

# အများပြည်သူသို့ အသိပေးကြေညာခြင်း

နေပြည်တော် မေ ၄

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါလမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း ပြည်သူများအတွက် လက်ငင်းဦးစားပေးလုပ်ငန်းအဖြစ် အသက်(၁၈)နှစ် ပြည့်ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် နိုင်ငံသားများအား သက်ဆိုင်ရာ လဝကရုံးများတွင်လည်းကောင်း၊ အသက်(၁၀)နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် UID ကောက်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာစာသင်ကျောင်းများတွင်လည်းကောင်း လမင်းစီမံချက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ထို့ပြင် သဘာဝဘေးအန္တရာယ်နှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူလက်မှတ်များ ပျက်စီး/ ပျောက်ဆုံးမှုများအား e-ID စနစ်ဖြင့် ပြန်လည်တိုက်ဆိုင်စစ်ဆေး၍ မြို့နယ်အဆင့် (၅) ဦး ကော်မတီဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်၊ ဧည့်၊ ပြုကတ်များ ပြန်လည်ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၃။ သို့ရာတွင် အချို့သောပြည်သူများသည် ရုံးလုပ်ငန်းများဆောင်ရွက်တတ်ခြင်းမရှိသဖြင့် ပွဲစားများအသုံးပြုဆောင်ရွက်ခဲ့ရာ မလိုလားအပ်သည့် ပြဿနာများ၊ စာရွက်စာတမ်းအတုများ ရရှိခဲ့ကြပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ကြမည့် ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လာရောက်သည့်အခါ ရုံးများအဝင်ရှိ ဧည့်ကြိုကောင်တာတွင် လဝကဝန်ထမ်းများမှ စိစစ်စာရင်းသွင်းပြီးနောက် အခက်အခဲရှိသည့်ပြည်သူများအတွက် အတူလိုက်ပါပြီး ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ အထောက်အထားပြည့်စုံပါက လုပ်ငန်းဆောင်ရွက်မှုအား နေ့ချင်းပြီးဆောင်ရွက်ပေးမည်ဖြစ်ပြီး အထောက်အထားအချက်အလက်မပြည့်စုံပါက လိုအပ်သည့်အထောက်အထားများကို သက်ဆိုင်ရာ လဝကမြို့နယ်ရုံးအချင်းချင်း ချိတ်ဆက်ကာ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ကာယကံရှင်များအတွက် သိရှိလိုသည်များ၊ ယူဆောင်လာရမည့် အထောက်အထားများနှင့်ပတ်သက်၍ လဝကမြို့နယ်ရုံးအသီးသီး၌ ဗီနိုင်းများ ချိတ်ဆွဲခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၅။ ဝန်ကြီးဌာနမှ ဝန်ဆောင်မှုပေးသည့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်၊ ဧည့်၊ ပြု ကတ်ပြားများကို အောက်ဖော်ပြပါအကောင့်အတု (Fake Account) များမှ Online တွင် ကြော်ငြာ၍ စာရွက်စာတမ်းအတုများ ထုတ်ပေးလျက်ရှိသဖြင့် အမှုဖွင့်တရားစွဲ ဆောင်ရွက်လျက်ရှိသောကြောင့် ပွဲစားများ၊ အကောင့်အတု(Fake Account) များဖြင့် လုံးဝဆက်သွယ်ဆောင်ရွက်ခြင်းမပြုပါရန်နှင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်-

(က) Account Name - Shwe yamin
(09-444810929၊ 09-968720062၊ 09-955550231)
https://www.tiktok.com/@shwe.yamin297?_r=1&_t=ZS-964iVHFlPIm

( ခ ) Account Name - Phyu zin (မှတ်ပုံတင်ရုံး)
(09-962738756၊ 09-952733267)
https://www.tiktok.com/@phyu.zin5906?_r=1&_t=ZS-964iZOY0OeY

( ဂ ) Account Name - ရတီမေဦးမှတ်ပုံတင်ဝန်ဆောင်မှု
(09-985955682၊ 09-971355796)
https://www.tiktok.com/@wai.yan.moe537?_r=1&_t=ZS-964ikTbUEZM

(ဃ) Account Name - မှတ်ပုံတင်ဝန်ဆောင်မှု
(09-780788106၊ 09-798700781)
https://www.tiktok.com/@user26765611615576?_r=1&_t=ZS-964j5cRwwcM

( င ) Account Name - Oomin
(09-764180425)
https://www.tiktok.com/@ooye852?_r=1&_t=ZS-964jDCybqh0

( စ ) Account Name - Ko Hein
(09-971355796၊ 09-985955682၊ 09-785068854)
https:// www.tiktok.com/ @..kohein0?_r=1&_t=ZS -964tOP1yZ3n

၆။ ပြည်သူများအနေဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သိရှိလိုသည်များ၊ လုပ်ငန်းအဆင်မပြေမှုများနှင့် အခက်အခဲတစ်စုံတစ်ရာရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်တိုက်တွန်းအပ်ပါသည်-

- အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန - ၀၆၇-၃၄၃၁၀၄၅/ ၃၄၃၁၀၅၆
- အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာန - ၀၆၇-၃၄၃၁၅၅၁
- ကချင်ပြည်နယ်ဦးစီးမှူးရုံး - ၀၉-၂၆၃၅၁၉၇၈၇
- ကယားပြည်နယ်ဦးစီးမှူးရုံး - ၀၉-၂၅၀၀၆၄၀၅၀
- ကရင်ပြည်နယ်ဦးစီးမှူးရုံး - ၀၉-၄၂၂၄၆၈၉၈၂
- ချင်းပြည်နယ်ဦးစီးမှူးရုံး - ၀၉-၄၀၀၃၁၀၈၂၀
- စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၉-၇၆၂၆၄၁၄၆၉
- တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၉-၂၅၀၉၅၀၅၅၀
- ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၉-၄၂၁၀၆၀၃၇၀
- မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၉-၄၅၀၀၆၄၉၈၅
- မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၉-၄၀၇၅၉၀၆
- မွန်ပြည်နယ်ဦးစီးမှူးရုံး - ၀၉-၆၉၂၂၇၆၃၅၈
- ရခိုင်ပြည်နယ်ဦးစီးမှူးရုံး - ၀၉-၄၃၀၇၀၇၈၉
- ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၉-၄၃၀၃၅၈၂၉
- ရှမ်းပြည်နယ်ဦးစီးမှူးရုံး - ၀၉-၆၉၉၀၃၂၈၀၅
- ဒုတိယပြည်နယ်ဦးစီးမှူးရုံး (ရှမ်းမြောက်) - ၀၉-၆၇၇၆၁၈၂၂၈
- ဒုတိယပြည်နယ်ဦးစီးမှူးရုံး (ရှမ်းအရှေ့) - ၀၉-၄၂၈၂၃၅၁၄၈
- ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၉-၈၉၈၉၄၂၀၆၉
- ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး - ၀၉-၄၂၇၂၂၇၀၁၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန



# နယ်စုံမှ ခရမ်းချဉ်သီးများ အဝင်များလာ၍ မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းထက်ဝက်ခန့် ကျဆင်းလာ

**မန္တလေး မေ ၄**

မန္တလေးမြို့ရှိ ဟင်းသီးဟင်းရွက်ဈေးကွက်အတွင်းသို့ နယ်စုံမှ ခရမ်းချဉ်သီးများ အလုံးအရင်းဖြင့် ဝင်ရောက်လာခြင်းကြောင့် ဈေးနှုန်းများ သိသိသာသာကျဆင်းလာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပြီးခဲ့သည့်လပိုင်းအတွင်းက ခရမ်းချဉ်သီး တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၅၀၀၀ ဝန်းကျင်အထိ ရှိခဲ့သော်လည်း ယခုအခါတွင် ငွေကျပ် ၂၅၀၀ ဝန်းကျင်သို့ ထက်ဝက်ခန့် ဈေးအေးသွားခြင်းဖြစ်သည်။

ယခုကဲ့သို့ ဈေးနှုန်းကျဆင်းရခြင်းမှာ မြေပြန့်ဒေသများနှင့် တောင်ပေါ်ဒေသများမှ မန္တလေးဈေးကွက်သို့ ခရမ်းချဉ်သီးများ ပြိုင်တူအဝင်များလာခြင်းကြောင့် ဖြစ်သည်ဟု ဈေးသည်များက ဆိုသည်။

နှစ်စဉ် ယခုကဲ့သို့သော အချိန်မျိုးတွင် ဈေးနှုန်းကျဆင်းလေ့ရှိသော်လည်း ယခုနှစ်တွင် စိုက်ပျိုးမှု ပိုမိုများပြားခဲ့သည့်အတွက် အထွက်နှုန်း ပိုမိုကောင်းမွန်လာကာ ဈေးနှုန်း ပိုမိုကျဆင်းသွားခြင်းဖြစ်ကြောင်း စိုက်ပျိုးသူတစ်ဦးက ပြောကြားသည်။

ဒေသတွင်း ခရမ်းချဉ်သီး စိုက်ပျိုးရာတွင် ၁၁၁၊ ၉၂၉၊ ၆၄၂၊ ၇၀၀ စသည့် မျိုးစေ့များကို အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

ထိုမျိုးစေ့များအနက် အထားခံခြင်းနှင့် သယ်ယူပို့ဆောင်ရာတွင် အကြမ်းခံခြင်းတို့ကြောင့် ၁၁၁(One One One) မျိုးကို တောင်သူများက ပိုမိုဦးစားပေး စိုက်ပျိုးကြကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်-၈)



# မော်လ်ဒိုက်သမ္မတ၏ ခရီးစဉ်အတွင်း သီရိလင်္ကာနှင့် မော်လ်ဒိုက်တို့အကြား နားလည်မှုစာချွန်လွှာ ခုနစ်ခုလက်မှတ်ရေးထိုး



ကိုလံဘို မေ ၄

သီရိလင်္ကာသမ္မတ အနူရာကူမာရာဒစ်ဆာနာရာကေး၏ ဖိတ်ကြားချက်အရ မေ ၄ ရက်က သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ နိုင်ငံတော်ခရီးစဉ်အဖြစ် မော်လ်ဒိုက်နိုင်ငံ သမ္မတ မိုဟာမက် မူအစ်ဇူး ရောက်ရှိလာခဲ့သည်။ ထိုသို့ ရောက်ရှိနေစဉ်အတွင်း သီရိလင်္ကာနှင့် မော်လ်ဒိုက်နိုင်ငံတို့သည် နားလည်မှုစာချွန်လွှာ ခုနစ်ခုနှင့်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သမ္မတရုံး သတင်းပြန်ကြားရေးဌာနက မေ ၄ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ သဘောတူညီချက်များတွင် ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် အဆင့်မြင့်ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ လူငယ်ရေးရာဖွံ့ဖြိုးတိုးတက်ရေး၊ မော်ကွန်းတိုက်နှင့် ကာကွယ်ရေးစသည့် ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရသည်။

မူအစ်ဇူးသည် ၂၀၂၃ ခုနှစ်တွင် သမ္မတတာဝန်ကို စတင်ထမ်းဆောင်ပြီးနောက် သီရိလင်္ကာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သည့်ခရီးစဉ်လည်း ဖြစ်သည်။

နှစ်နိုင်ငံအကြီးအကဲများ တွေ့ဆုံစဉ် သီရိလင်္ကာ သမ္မတ အနူရာကူမာရာဒစ်ဆာနာရာကေးက မကြာသေးမီကဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်ကာလအတွင်း သီရိလင်္ကာသို့ ပေးအပ်ခဲ့သော လူသားချင်းစာနာမှု အကူအညီများနှင့်ပတ်သက်၍ ကျေးဇူးတင်ကြောင်း ပြောကြားသည်။ ထို့အပြင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် နှစ်နိုင်ငံစလုံးအတွက် ဘုံစိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဆင်ဟွာ

## လက်ဝဲယိမ်း ထိပ်သီးနိုင်ငံရေးသမား ဂျင်းလပ်မီလန်ရှွန် ပြင်သစ်သမ္မတရွေးကောက်ပွဲ၌ ဝင်ပြိုင်မည်ဟု ဆို




ပဲရစ် မေ ၄

ပြင်သစ်နိုင်ငံရှိ လက်ဝဲယိမ်း အန်ဘောင်းဒ်ပါတီမှ ထိပ်သီးနိုင်ငံရေးသမားဖြစ်သူ ဂျင်းလပ်မီလန်ရှွန်သည် လာမည့်နှစ်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဗဟိုဝါဒီနှင့် လက်ယာယိမ်း ပြိုင်ဘက်များနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယခုတစ်ကြိမ်သည် ၎င်းအတွက် စတုတ္ထအကြိမ်မြောက် သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၎င်းသည် ၂၀၁၂၊ ၂၀၁၇ နှင့် ၂၀၂၂ ခုနှစ်တို့တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသည်။

၂၀၂၂ ခုနှစ် ရွေးကောက်ပွဲတွင် လက်ယာစွန်းခေါင်းဆောင် မာရင်းလီပန်းနှင့် ဒုတိယအကျော့သို့ တက်လှမ်းနိုင်ခဲ့သည့် ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန်တို့၏နောက်တွင် ရပ်တည်ကာ တတိယရရှိခဲ့သည်။

မီလန်ရှွန်သည် ရွေးကောက်ပွဲလူ့ပ်ရှားမှု တစ်ခုချင်းစီတွင် ရရှိသည့် မဲရာခိုင်နှုန်း ပိုမိုမြင့်တက်လာလျက်ရှိကြောင်း သိရသည်။ Mon

INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## အိန္ဒိယရှိ ချမ်းသာကြွယ်ဝသောသူများအကြား ဆွစ်ဇာလန် ဗိမ်ခံနာရီများ ဝယ်လိုအားမြင့်တက်လာ

ဒေလီ မေ ၄

အိန္ဒိယနိုင်ငံရှိ ချမ်းသာကြွယ်ဝသောသူများအကြား ဝယ်လိုအား မြင့်တက်လာခြင်းကြောင့် ဆွစ်ဇာလန် ဇိမ်ခံနာရီ အမှတ်တံဆိပ်များသည် အိန္ဒိယတွင် အရောင်းဆိုင်သစ်များ ဖွင့်လှစ်ခြင်း၊ မိတ်ဖက်အဖွဲ့အစည်းအသစ်များ ဖွဲ့စည်းခြင်းနှင့် ရည်မှန်းချက်ကြီးမားသော တိုးတက်မှုပန်းတိုင်များကို ချမှတ်ခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စုဆောင်းသူများက အချိန်ပြက္ခဒိန်ယာများဟု ခေါ်ဆိုကြသော အဆိုပါ တန်ဖိုးကြီးနာရီများကို အသုံးအဆောင်ပစ္စည်းများအဖြစ်သာမက အချို့က ပိုင်ဆိုင်မှုပစ္စည်းများအဖြစ်လည်းကောင်း၊ အချို့ကမူ ရင်းနှီးမြှုပ်နှံမှုများအဖြစ်လည်းကောင်း ရှုမြင်ကြသည်။

အိန္ဒိယ၏ ဇိမ်ခံပစ္စည်းဈေးကွက်သည် ပိုမိုရင့်ကျက်လာပြီး လက်လှမ်းမီရန် လွယ်ကူလာသည်နှင့်အမျှ ယခုကဲ့သို့ အပြောင်းအလဲများ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ယင်းအခြေအနေသည် အိန္ဒိယနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံ ပါဝင်သည့် ဥရောပလွတ်လပ်သော ကုန်သွယ်ရေးအသင်းတို့အကြား ယမန်နှစ်က လက်မှတ်ရေးထိုးခဲ့သည့် အထင်ကရ ကုန်သွယ်ရေးသဘောတူညီချက်ကြောင့်လည်း အထောက်အပံ့ဖြစ်စေခဲ့ကြောင်း သိရသည်။ Mon

ဝ-ဝ-ဝ-ဝ-ဝ

## စင်ကာပူလေကြောင်းလိုင်း၏ ခရီးစဉ်များတွင် ပိုမိုကောင်းမွန်သည့် ဝိုင်ဖိုင်စနစ် သုံးနိုင်တော့မည်

စင်ကာပူ မေ ၄

စင်ကာပူလေကြောင်းလိုင်း၏ ရွေးချယ်ထားသော လေယာဉ်ခရီးစဉ်များတွင် ပိုမိုကောင်းမွန်သည့် လေယာဉ်ပေါ်ပါ ဝိုင်ဖိုင်စနစ်ကို အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စတားလင့်ခ်၏ ကမ္ဘာ့ပတ်လမ်းနိမ့် ဂြိုဟ်တုအခြေပြု ဘရော့ဘန်းဝန်ဆောင်မှုကို စင်ကာပူလေကြောင်းလိုင်းပိုင် အဲဘတ်စ် အေ ၃၅၀-၉၀၀ ခရီးဝေးပျံသန်းရေး လေယာဉ်များ၊ အေ ၃၅၀-၉၀၀ အလွန်ဝေးလံသော ခရီးစဉ်ပျံသန်းရေးလေယာဉ်များနှင့် အေ ၃၈၀ လေယာဉ်များတွင် ၂၀၂၇ ခုနှစ် ပထမသုံးလပတ်မှစတင်၍ အဆင့်ဆင့် မိတ်ဆက်သွားမည်ဖြစ်သည်။

ကမ္ဘာ့ပတ်လမ်းနိမ့်သို့ ဂြိုဟ်တုပေါင်း ၁၀၀၀၀ ကျော် လွှတ်တင်ထားသော စတားလင့်ခ်သည် ၎င်း၏ ဝေဟင်ကွန်ရက်ကို အသုံးပြု၍ လေယာဉ်များပေါ်တွင် အင်တင်နာတစ်ခုလျှင် ၁ ဂစ်ဂါဘစ်အထိ ထောက်ပံ့ပေးနိုင်သည့် ဘက်စုံဂစ်ဂါဘစ် ချိတ်ဆက်မှုနှုန်းကို ပေးစွမ်းနိုင်သည်။

သို့ဖြစ်ရာ ဗီဒီယိုကြည့်ရှုခြင်း၊ လူမှုကွန်ရက်ပေါ်တွင် အကြောင်းအရာများ မျှဝေခြင်း၊ ဂိမ်းကစားခြင်းနှင့် ဖိုင်အကြီးစားများ ပေးပို့ခြင်းစသည့် လုပ်ဆောင်ချက်များအတွက် ပိုမိုမြန်ဆန်ချောမွေ့သော ချိတ်ဆက်မှုကို အတန်းအစားအားလုံးရှိ ခရီးသည်များ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။ Mon

STOP AIDS

## ကင်ညာနိုင်ငံရှိ ဒေသအများအပြားတွင် မိုးသည်းထန်စွာရွာသွန်း ရေကြီးမှု၊ မြေပြိုမှုများကြောင့် အနည်းဆုံး လူ ၁၈ ဦး သေဆုံး

နိုင်ရိုဘီ မေ ၄

ကင်ညာနိုင်ငံရှိ ဒေသအများအပြားတွင် သည်းထန်စွာရွာသွန်းသော မိုးကြောင့် ယမန်နေ့က ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားရာ အနည်းဆုံး လူ ၁၈ ဦး သေဆုံးခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

နိုင်ငံ၏ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများရှိ သာရာကာနီသီ၊ အယ်လ်ဂေယို-မာရာကွက်နှင့် ကီယမ်ဘူးခရိုင်တို့တွင် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အဆိုပါ ဖြစ်စဉ်များကြောင့် လူ ၁၈ ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း အတည်ပြုထားပြီး ခက်ခဲသော ရာသီဥတု အခြေအနေများအတွင်း သတိပြုနေထိုင်ကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

မြေပြိုမှုများကြောင့် မိသားစုအများအပြား ထိခိုက်မှုရှိနေပြီး နေအိမ်များစွန့်ခွာရခြင်း၊ ပိုင်ဆိုင်မှုများနှင့် အခြေခံအဆောက်အအုံများ သိသိသာသာ ပျက်စီးခြင်းတို့ ဖြစ်ပေါ်နေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထို့ပြင် မြေပြိုနိုင်ခြေရှိသော ဒေသများ သို့မဟုတ် ရေကြီးရေလျှံမှုဒဏ် ခံစားနေရသော ဒေသများတွင် နေထိုင်သည့် ဒေသခံများအနေဖြင့် အထူးသတိထားကြရန် သတိပေးထားကြောင်း သိရသည်။ Mon

ဝ-ဝ-ဝ-ဝ-ဝ

## မာယွန်မီးတောင်မှ ချော်ရည်အနည်အနှစ်များ ပြိုကျ၊ ပြာပူများကြောင့် မိသားစု ၃၀၀ ကျော်ရွှေ့ပြောင်းရ

မနီလာ မေ ၄

မာယွန်မီးတောင်၏ ကုန်းစောင်းများပေါ်မှ ချော်ရည်အနည်အနှစ်များ ပြိုကျမှုကြောင့် ပြီးခဲ့သည့် ရုံးပိတ်ရက်အတွင်း ပြာပူများ အမြောက်အမြား ထွက်ပေါ်လာပြီးနောက် မိသားစုပေါင်း ၃၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု တာဝန်ရှိသူများက ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဖန်နဝါရီလကတည်းက မကြာခဏ အနည်းငယ်စီ ပေါက်ကွဲလျက်ရှိသော မာယွန်မီးတောင်တွင် အင်အားပြင်းထန်သည့် ပေါက်ကွဲမှုမျိုး မရှိခဲ့သော်လည်း ၎င်း၏ အနောက်တောင်ဘက် ကုန်းစောင်းပေါ်ရှိ ကြီးမားသော ချော်ရည်အနည်အနှစ်များသည် ယမန်နေ့ မိုးမချုပ်မီတွင် အရှိန်အဟုန်ဖြင့် ရုတ်တရက် လျှောကျလာခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒ လေ့လာရေးဌာန ညွှန်ကြားရေးမှူး တာရီစီတိုဘာကောလ်က ပြောကြားသည်။

အဆိုပါ ဖြစ်စဉ်သည် ပူပြင်းသည့် ကျောက်တုံးများ၊ ပြာများနှင့် ဓာတ်ငွေ့များ ပါဝင်သော မီးတောင်ပြာပူစီးဆင်းမှုဖြစ်သည်ဟု ၎င်းက ဆိုသည်။

လူသေဆုံးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရမှု သတင်းများ မရှိသော်လည်း မြို့နယ်သုံးခုရှိ ကျေးရွာပေါင်း ၈၇ ရွာတွင် ကြီးမားသော ပြာတိမ်တိုက်များ ဖုံးလွှမ်းသွားခဲ့ရာ လူအများအပြား အံ့အားသင့်ခဲ့ရပြီး မြင်ကွင်း မကြည်လင်မှုကြောင့် မော်တော်ယာဉ် မောင်းနှင်သူများ သွားလာရေး နှောင့်နှေးခဲ့ရကြောင်း သိရသည်။ Mon



## မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး မေ ၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ မေ ၅ ရက်တွင် ကျရောက်မည့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ လူနေအိမ်များ၊ ဆတ်သွားကျေးရွာ၊ ညောင်ပင်သာကျေးရွာနှင့် ကုက္ကိုခွကျေးရွာများသို့ ယမန်နေ့ နံနက်ပိုင်းက မီးဘေးလုံခြုံရေးအတွက် လိုက်လံကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောမောင် ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆတ်သွားကျေးရွာ၊ညောင်ပင်သာကျေးရွာနှင့် ကုက္ကိုခွကျေးရွာများရှိ နယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ နေအိမ်များအတွင်း သွယ်တန်းထားသည့် ဝါယာကြိုးဟောင်းနွမ်း ပေါက်ပြဲမှု ရှိ၊ မရှိ၊ ချက်ပြုတ်သည့်နေရာများတွင် အသုံးပြုသည့် မီးဖိုများအား ချက်ပြုတ်ပြီးပါက ငြိမ်းသတ်မှု ရှိ၊ မရှိ၊ လျှပ်စစ်ပစ္စည်းများအား သုံးစွဲပြီးပါက ခလုတ်များနှင့် မီးပလပ်များဖြုတ်ခြင်း ရှိ၊ မရှိ၊ မီးငြိမ်းသတ်ရေးအတွက် မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကပ်များ ပြင်ဆင်ထားရှိမှု ရှိ၊ မရှိ တို့ကို တာဝန်ရှိသူများက စစ်ဆေးခဲ့ကြသည်။ **(ယာပုံ)**

ထို့နောက် မီးလောင်ပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ မီးလောင်မှုအမျိုးအစားအလိုက် မီးလောင်မှုမကြီးမားခင် ပြည်သူများ ကိုယ်တိုင် ငြိမ်းသတ်နိုင်သည့် နည်းစနစ်များနှင့် မီးဘေးအန္တရာယ်ကြုံတွေ့ချိန်တွင် အသက်အန္တရာယ် မထိခိုက်စေရေးအတွက် ဆောင်ရွက်ရမည့် အချက်အလက်များကိုလည်း ပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**



## စက်သုံးဆီအရောင်းဆိုင် မီးလောင်မှုဖြစ်ပွား

**ဝါးခယ်မ မေ ၄**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ မြသိန်းတန်ရပ်ကွက်၊ မော်ကျွန်း-ဝါးခယ်မကားလမ်း၌ မေ ၂ ရက် နံနက် ၉ နာရီ ၂၅ မိနစ်ခန့်က ပိုင်ရှင်ဦးစိုးဝင်း(၇၁)နှစ်ဆိုသူ၏ ပေ(၄၀×၂၀)၊သွပ်မိုး၊ RC တစ်ထပ် 'ကောင်းထက်' စက်သုံးဆီအရောင်းဆိုင်တွင် 92 ဓာတ်ဆီပီပါအတွင်းသို့ လက်လှည့်ပန့်ဖြင့် ဆီထည့်ရာ ပီပါနှုတ်ခမ်းအား လက်လှည့်ပန့်ဂေါက်ဖြင့် ရိုက်မိရာမှ မီးပွားထွက်ပြီး မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မြောင်းမြခရိုင်မီးသတ်စခန်း၊ ဝါးခယ်မမြို့နယ်မီးသတ်စခန်း၊ မော်လမြိုင်ကျွန်းမြို့နယ်မီးသတ်စခန်း၊ရွှေလောင်းနယ်မြေမီးသတ်စခန်း၊ ကျုံမငေးနယ်မြေမီးသတ်စခန်းနှင့် ရွာသစ်နယ်မြေမီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ၁၁ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ပေ(၄၀×၂၀)၊ သွပ်မိုး၊ RC တစ်ထပ် အဆောက်အအုံမှ သွပ်ပြား ၅၀ ချပ်၊ပေ(၅၀×၃၀)၊သံကူကွန်ကရစ် Pump Station အဆောက်အအုံ တစ်လုံး၊ 92 ဓာတ်ဆီဂါလန် ၁၀၀၊ ဒီဇယ်ဂါလန် ၁၅၀၊ ISUZU LIGHT TRUCK အမျိုးအစားမော်တော်ယာဉ်တစ်စီး၊ ထော်လာဂျီနှစ်စီး၊ ဆီပန့်လေးခု မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် စက်သုံးဆီအရောင်းဆိုင် မန်နေဂျာ ဦးသက်အောင်ဆိုသူအား ဝါးခယ်မမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*– *– *– *– *



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊မြစ်သားမြို့နယ်နှင့် မွန်ပြည်နယ်၊ မုဒုံမြို့နယ်တို့၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၃၀ ရက် မွန်းတည့် ၁၂နာရီတွင် လယ်ဝေးမြို့နယ်၊ စက်ရုံစုရပ်ကွက်ရှိ 'မင်းရာဇာ' လက်ဖက်ရည်ဆိုင်အနီး၌ ကြံခင်းရပ်ကွက်နေ ဦးခိုင်မင်းထက် (၄၅)နှစ်ဆိုသူသည် နှစ်လုံးချဲထီရောင်းချနေကြောင်း သတင်းအရ သာဝတ္တိနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာ၌ ၎င်းအား နှစ်လုံး ချဲထီ လောင်းကစားပြုလုပ်ရာ၌ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ခိုင်မင်းထက် ဆိုသူအား သာဝတ္တိနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။



အလားတူ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ အင်းပေါက်ကုန်းကျေးရွာနေ ဦးကျော်ဆန်း(၅၆)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ ချဲထီရောင်းချနေကြောင်း သတင်းအရ မြစ်သားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်နှင့်တွဲလျက် အဖီကြမ်းခင်းပေါ်၌ နှစ်လုံးချဲထီလောင်းကစားပြုလုပ်ရာ၌ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်ဆန်းဆိုသူအား မြစ်သားမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

ထို့အတူ မွန်းလွဲ ၃ နာရီခွဲတွင် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ နီးပဒေါကျေးရွာနေ ဦးစံဖေ(၆၇)နှစ် ဆိုသူ၏ နေအိမ်၌ ဖဲရိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ကမာဝက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ နေအိမ်အောက်ထပ်၌ စံဖေ ဆိုသူပါ အမျိုးသား ၁၂ ဦးအား ဖဲရိုက်လောင်းကစားပြုရာ၌ အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ ဖဲဝိုင်း သုံးဝိုင်းဖြင့် ဖဲရိုက်လောင်းကစားပြုလုပ်နေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် စံဖေ ဆိုသူပါ ၁၂ ဦးအား ကမာဝက်နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ရပ်ကွက်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်း

**ချောက် မေ ၄**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း ကြီးကြပ်မှုကော်မတီမှရပ်ကွက် (သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အသစ်ရွေးချယ်ခန့်ထားနိုင်စေရေးအတွက် ရပ်ကွက်များတွင် ကြီးကြပ်ရေးအဖွဲ့ ငါးဦးရွေးချယ်ခြင်းအား အမှတ်(၂)ရပ်ကွက် အလယ်ဓမ္မာရုံ၌ ယနေ့ နံနက် ၉ နာရီ ဆောင်ရွက်ခဲ့သည်။

ထို့နောက် အမှတ်(၂)ရပ်ကွက် ကြီးကြပ်ရေးအဖွဲ့ ငါးဦး ရွေးချယ်ဆောင်ရွက်ခြင်းအား ကြီးကြပ်ရွေးချယ်ပေးရန် မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း ကြီးကြပ်မှုကော်မတီဖြစ်သော ချောက်မြို့နယ် အမှတ်(၂)ရပ်ကွက် အတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်တို့က ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ် ရွေးချယ်ခန့်ထားနိုင်စေရေးအတွက် လုပ်ငန်းစဉ် အဆင့်ဆင့်သိရှိရန် အချက်များကို ရှင်းလင်းပြောကြားပြီးနောက် အမှတ်(၂)ရပ်ကွက်မှ ကြီးကြပ်ရေးအဖွဲ့ငါးဦး ရွေးချယ်မှုအား ကြီးကြပ်ရွေးချယ်၍ မြို့နယ်၊ ရပ်ကွက်အဆင့် ကြီးကြပ်ရေးအဖွဲ့များအနေဖြင့် ဆယ်အိမ်စုမှူး၊ ရာအိမ်စုမှူး ရွေးချယ်ခြင်း၊ အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီး တစ်ဦး သေဆုံး၊ အမျိုးသား တစ်ဦး ဒဏ်ရာရရှိ

**ဘားအံ မေ ၄**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီး တစ်ဦး သေဆုံးပြီး အမျိုးသား တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဧပြီ ၃၀ ရက် နံနက် ၅ နာရီ ၅၅ မိနစ်တွင် ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ဘားအံ-လှိုင်းဘွဲ့ကားလမ်း သစ်သီးဆိုင်တန်းရှေ့၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၇၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းအတိုင်း မဲဘောင်ဈေးဘက်မှ လမ်းခွမီးပွိုင့်ဘက်သို့ အမှတ်(၉)ရပ်ကွက်နေ ဒေါ်နန်းညိုညို(၄၇)နှစ်ဆိုသူသည် ဆိုင်ကယ်အား လမ်း၏ ဝဲဘက်မှ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ မျက်နှာချင်းဆိုင်ဘက်မှ အမှတ်(၆)ရပ်ကွက်နေ စောအိမ်ဖိုးခိ(၅၂)နှစ် ဆိုသူ မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်နန်းညိုညိုဆိုသူတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး စောအိမ်ဖိုးခိ ဆိုသူတွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် နန်းညိုညို ဆိုသူအား ဘားအံမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၄

မြန်မာနိုင်ငံအစိုးရ အနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်း လောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါ ဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများနှင့်အတူ လုံခြုံရေးပူးပေါင်းအဖွဲ့များက အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ ဝင်ရောက်အခြေပြုနေထိုင်ခြင်းမရှိစေရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်း လိုအပ်သည့်စုံစမ်းစစ်ဆေးခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်းများကို လုပ်ဆောင်စဉ် မိုင်းပန်မြို့၏ မြောက်ဘက် ကျိုင်းတောင်း-မိုင်းပန်သွားကားလမ်း၏ အရှေ့ဘက် မီတာ ၂၀၀၀ ခန့်အကွာ၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအတွင်း မီးရှို့ဖျက်ဆီးထားသည့် ကွန်ပျူတာများ၊ လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အလျားပေ ၂၅၀ အနံပေ ၃၀ ရှိ (သွပ်မိုး၊ သွပ်ကာ) အလုပ်ရုံ သုံးရုံ၊ အလျားပေ ၁၀၀ အနံပေ ၃၀ ရှိ လူနေတဲ ရှစ်လုံး၊ All In One တစ်လုံး၊ Laptop ၁၂ လုံး၊ Starlink လေးလုံး၊ ပါဝါစတေရှင်(အကြီး) သုံးလုံး၊ ပါဝါစတေရှင်(အသေး) တစ်လုံး၊ 200 KV မီးစက်(အကြီး) တစ်လုံး၊ 150 KV မီးစက်(အကြီး) တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရှာဖွေဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်ရာ မွန်းလွဲပိုင်းတွင် မိုင်းပန်မြို့၏ မြောက်ဘက် မီတာ ၁၄၀၀၀ ခန့်အကွာ ကျိုင်းတောင်း-မိုင်းပန်သွား ကားလမ်းအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ “ဝ” လူမျိုး အမျိုးသား တစ်ဦး၊ ရှမ်းလူမျိုး အမျိုးသမီး နှစ်ဦး၊ လားဟူ လူမျိုး အမျိုးသမီး တစ်ဦးတို့အား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ညနေပိုင်း၌ ၎င်းနေရာ၏ အရှေ့မြောက်ဘက် မီတာ ၆၀၀၀ ခန့်အကွာတွင်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၅၂ ဦးတို့အား ထပ်မံဖမ်းဆီးရမိခဲ့သောကြောင့် တရားမဝင် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ စုစုပေါင်း ၅၆ ဦးတို့အား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများနှင့် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများနှင့်ပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာပြပုံ။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မိုင်းပန်မြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် ဖမ်းဆီးရမိမြန်မာနိုင်ငံသား အမျိုးသားတစ်ဦးနှင့် အမျိုးသမီးသုံးဦးတို့အား တွေ့ရစဉ်။



မိုင်းပန်မြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများဆောင်ရွက်ခဲ့သည့် လူနေတဲများကို တွေ့ရစဉ်။



မိုင်းပန်မြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိသော မီးခံသေတ္တာကို တွေ့ရစဉ်။



မိုင်းပန်မြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိသော Laptop နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။





အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၅၂ ဦးအား တွေ့ရစဉ်။

# လဲချားမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံပေး

လဲချား မေ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် ကျွဲ၊ နွားများ လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့မကျေးရွာအုပ်စု ဟိုနောင်လုံကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာမျိုးလှိုင်ဝင်းက ကျေးလက်ပြည်သူများ တိရစ္ဆာန်များမွေးမြူရာတွင် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး၊ ရောဂါများ မကျရောက်စေရေးနှင့် တစ်စုံတစ်ရာထူးခြားလက္ခဏာများတွေ့ရှိပါက အကြောင်းကြားပေးရန် အသိပညာပေးပြောကြားပြီး ကျွဲ၊ နွားကောင်ရေ ၁၅၀ ကို လည်ချောင်းကွဲရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)






## 2026 Huzhou Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Katarzyna Kawa ဆွတ်ခူး



ပေကျင်း မေ ၄

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Huzhou Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပိုလန်တင်းနစ်မယ် katarzyna Kawa က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ပိုလန်တင်းနစ်မယ် katarzyna Kawa သည် 2026 Huzhou Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဆလိုဗေးနီးယားတင်းနစ်မယ် Veronika Erjavec ကို ၆-၀၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ katarzyna Kawa က "ကျွန်မအနေလို 2026 Huzhou Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်မနိုင်ငံအတွက်လည်း ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ ကျွန်မကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(အပေါ်ဝဲပုံ) (NGB)



## ပေါ်တူဂီအမှတ်ပေးဖလား ချန်ပီယံဆုကို ပေါ်တိုအသင်းဆွတ်ခူး

လန်ဒန် မေ ၄

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပေါ်တူဂီအမှတ်ပေးဖလား ချန်ပီယံဆုကို ပေါ်တိုအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ပေါ်တိုအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပေါ်တူဂီအမှတ်ပေးဖလားပွဲစဉ် (၃၂)ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် (၈၅)မှတ်ဖြင့် အဆင့် (၂)နေရာမှ ဘင်ဖီကာအသင်းကို (၉)မှတ်အထိ ဖြတ်ထားကာ ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုမှာပင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ)

ပေါ်တိုအသင်း၏ ထုတ်ပြန်ချက်တွင် "ပေါ်တူဂီအမှတ်ပေးဖလား ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ အသင်း ချန်ပီယံဆု ရရှိအောင် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။ (NGB)

## ဗစ်တာအိုဆင်ဟန်၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၁၅၀ အဖြစ် ဂါလာတာစာရေးအသင်း သတ်မှတ်




လန်ဒန် မေ ၄

ဂါလာတာစာရေးအသင်းသည် အသင်းတိုက်စစ်မှူး ဗစ်တာအိုဆင်ဟန်၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၁၅၀ အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်၊ အာဆင်နယ်၊ လီဗာပူး၊ ဘာစီလိုနာ၊ ဂျူဗင်တပ်စသည့် ဥရောပထိပ်သီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ဗစ်တာအိုဆင်ဟန်သည် ဂါလာတာစာရေးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၁ပွဲကစားပြီး ဂိုး ၂၀ အထိ သွင်းယူကာ ခြေစွမ်းပြထားခြင်းကြောင့် ဥရောပထိပ်သီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ထို့ကြောင့် ဗစ်တာအိုဆင်ဟန်အား ဂါလာတာစာရေးအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲ ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ပူလီဆစ်ကို ခေါ်ယူရန် မန်ယူအသင်း စီစဉ်



လန်ဒန် မေ ၄

မန်ယူအသင်းသည် အေစီမီလန်အသင်း တောင်ပံကစားသမား ပူလီဆစ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၁ပွဲကစားပြီး ၄၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

အေစီမီလန်အသင်းကလည်း တောင်ပံကစားသမား ပူလီဆစ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် အေစီမီလန်အသင်းထံမှ ပူလီဆစ်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)

## ခရာမာရစ် ဟော်ဖန်ဟိမ်းအသင်းနှင့် ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

မြူးနစ် မေ ၄

ဟော်ဖန်ဟိမ်းအသင်းသည် အသင်းကွင်းလယ်တိုက်စစ်ကစားသမား ခရာမာရစ်ကို ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ဟော်ဖန်ဟိမ်းအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၅၉ပွဲကစားပြီး ၁၅၈ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားသည်။



အသက်(၃၄)နှစ်အရွယ်ရှိ ခရာမာရစ်က "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ) (NGB)

*-*-*-*-*



## ရှော်လ်ကေးအသင်း ဘွန်ဒက်စ်လီဂါပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိ

မြူးနစ် မေ ၄

ရှော်လ်ကေးအသင်းသည် ဘွန်ဒက်စ်လီဂါပြိုင်ပွဲသို့ တန်းတက်ခွင့် ရရှိခဲ့ပြီဖြစ်သည်။

ရှော်လ်ကေးအသင်းသည် ဘွန်ဒက်စ်လီဂါ(၂)ပြိုင်ပွဲ ပွဲစဉ် (၃၂) ပွဲကစားအပြီးတွင် ရမှတ် ၆၇မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်ပြီး အဆင့်(၂)နေရာမှ အယ်လ်ဗာစ်ဘာ့ဂ်အသင်းကို ရှစ်မှတ်အထိ ဖြတ်ထားနိုင်မှုကြောင့် ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုမှာပင် ဘွန်ဒက်စ်လီဂါသို့ တန်းတက်ခွင့် ရရှိခဲ့ပြီဖြစ်သည်။

ရှော်လ်ကေးအသင်း ဘွန်ဒက်စ်လီဂါသို့ တန်းတက်ခွင့်ရရှိခဲ့ခြင်းကြောင့် အသင်းပရိသတ်များကလည်း တစ်ခဲနက်အောင်ပွဲခံခဲ့ကြသည်။

ရှော်လ်ကေးအသင်းသည် သုံးရာသီကြာ ကစားခဲ့ပြီးနောက် ဘွန်ဒက်စ်လီဂါပြိုင်ပွဲသို့ ပြန်လည်တန်းတက်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

(အပေါ်ပုံ) (NGB)

## အစ်ဆွစ်ချ်အသင်း ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိ

လန်ဒန် မေ ၄

အစ်ဆွစ်ချ်အသင်းသည် လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲမှ ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့ပြီဖြစ်သည်။

အစ်ဆွစ်ချ်အသင်းသည် လိဂ်ချန်ပီယံရှစ်ပွဲစဉ် (၄၆)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၈၄မှတ်ဖြင့် အဆင့် (၂)နေရာမှ ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အစ်ဆွစ်ချ်အသင်းသည် ပြီးခဲ့သည့်ရာသီကမှ ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရပြီး ချက်ချင်းဆိုသလို တန်းပြန်တက်နိုင်ခဲ့သည်။ (အောက်ပုံ)

အစ်ဆွစ်ချ်အသင်း၏ ထုတ်ပြန်ချက်တွင် "အသင်းအနေနဲ့ အခုလို ပရီးမီးယားလိဂ်ကို တန်းပြန် တက်နိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။ (NGB)



## နည်းပြ အက်ဝပ်ဒ်စတီးလ်ကို နည်းပြရာထူးမှ ဝက်ဖို့ဒ်အသင်း ထုတ်ပယ်

လန်ဒန် မေ ၄

ဝက်ဖို့ဒ်အသင်းသည် အသင်းနည်းပြ အက်ဝပ်ဒ်စတီးလ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ဝက်ဖို့ဒ်အသင်းသည် လိဂ်ချန်ပီယံရှစ်ပွဲစဉ် (၄၆)ပွဲယှဉ်ပြိုင်ကစားပြီး ရမှတ် ၅၇မှတ်ဖြင့် အဆင့် ၁၆နေရာတွင် ရပ်တည်ပြီး ရလဒ်များ ထင်သလောက်ကောင်းမွန်ခြင်းမရှိသောကြောင့် နည်းပြ အက်ဝပ်ဒ်စတီးလ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။



နည်းပြ အက်ဝပ်ဒ်စတီးလ်သည် ဝက်ဖို့ဒ်အသင်းကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၅ပွဲတွင် ၃ပွဲနိုင်၊ ၄ပွဲသရေ၊ ၈ပွဲရှုံး ရလဒ် ပိုင်ဆိုင်ခဲ့သည်။

ဝက်ဖို့ဒ်အသင်း၏ ထုတ်ပြန်ချက်တွင် "နည်းပြ အက်ဝပ်ဒ်စတီးလ်ကို ရာထူးမှထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

### ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်(ဒု-အကျော့ပွဲစဉ်)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပ-အကျော့တွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၆-၅-၂၀၂၆ ကြာသပတေးနေ့ | နံနက်၁း၃၀နာရီ | အာဆင်နယ် (အင်္ဂလန်-၁) - အက်သလက်တီကို (စပိန်-၄) | အက်သလက်တီကို ၁-၁ အာဆင်နယ် |



## လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ကွက်ပြည်သူများ တွေ့ဆုံ

**မန္တလေး မေ ၄**

လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ကွက်ပြည်သူများ တွေ့ဆုံခြင်းကို မေ ၃ ရက် နံနက် ၁၁ နာရီက ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၅၃)၊ ၃၄လမ်းနှင့် ၃၅လမ်း၊ ၈၂ လမ်းနှင့် ၈၃လမ်းကြားရှိ အရှေ့အပ်ချုပ်ဝင်း အတွင်း၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေးနှင့် ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေး၊ အတွင်းရေးမှူး ဦးစန်းမောင်နှင့် ကော်မတီဝင်များ၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးမောင်မောင်မျိုးနှင့် ရပ်ကွက်နေ မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရပ်ကွက်ပြည်သူများက ရပ်ကွက်အတွင်း ဆောင်ရွက်လျက်ရှိသော အရှည်ပေ ၁၈၀ ရှိ ရေဆိုးထုတ်မြောင်းဆောင်ရွက်နေမှုအား ရှင်းလင်းတင်ပြပြီး ရပ်ကွက်အဝင် လျှပ်စစ်ဓာတ်တိုင် ကျိုးနေသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်ရကြောင်းတင်ပြရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေးတို့က အစိုးရအဖွဲ့ထံသို့ တင်ပြပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသော ရက်(၁၀၀)စီမံချက်လုပ်ငန်းစဉ်များအရ ပြည်သူလူထု၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးပေးသည့်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေ မဲဆန္ဒရှင်ပြည်သူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ဝ၄၁)**

## ခြေစမ်းပွဲယှဉ်ပြိုင်ကစားပြီး အပြီးသတ်လူရွေးချယ်မှုများပြုလုပ်

**မန္တလေး မေ ၄**

၂၀၂၆ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပဏာမရွေးချယ်ထားသည့် မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်းသည် မေ ၃ ရက် ညနေပိုင်းက အောင်မြေမန္တလာဘောလုံးကွင်းတွင် အမရပူရမြို့မအသင်းနှင့် ခြေစမ်းပွဲကစားပြီးနောက် အပြီးသတ်လူရွေးချယ်မှုများ ပြုလုပ်ခဲ့သည်။

အပြီးသတ်လူရွေးချယ်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးနိုင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဘောလုံးသမားဟောင်းများအဖွဲ့ ဥက္ကဋ္ဌနှင့် ဘောလုံးသမားဟောင်းများ လာရောက်ကြည့်ရှုအားပေးကြသည်။



ခြေစမ်းပွဲတွင် အမရပူရမြို့မအသင်းက မန္တလေးတိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပဏာမအသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရသွားသည်။

"ဒီလိုအသင်းနဲ့ ခြေစမ်းကစားရတာကောင်းပါတယ်၊ အမရပူရအသင်းမှာက ပရီလိဂ်မှာ ကစားခဲ့တဲ့ အတွေ့အကြုံရှိ ဘောလုံးသမားတွေပါကြတယ်၊ မန္တလေးအသင်းကတော့ ပြီးခဲ့တဲ့မြို့နယ်ပေါင်းစုံပြိုင်ပွဲက ကစားသမားတွေကို အခြေခံပြီး ရွေးချယ်လေ့ကျင့်ပေးထားရတာပါ။ အခု ပဏာမရွေးထားတဲ့ အယောက် ၃၀ ထဲကနေ ၁၈ယောက်အပြီးသတ်ရွေးချယ်မှာပါ" ဟု မန္တလေးတိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ဘောလုံးအသင်းအဖွဲ့ခေါင်းဆောင်ဦးဇော်ဝင်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးအသင်းကို နည်းပြချုပ်ကျော်သူထွန်း၊ နည်းပြ ရန်မျိုးနိုင်၊ ဂိုးနည်းပြ(ဆေးမှူး) ပြည့်မောင်တို့က မန္တလေးတောင်ခြေ အားကစားကွင်းတွင် လေ့ကျင့်မှုများ ပြုလုပ်ပေးနေကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (ဝ၃၂)**

## မန္တလေးမြေပဲဈေးကွက်တွင် ဝယ်ယူမှုအနည်းငယ်ကျဆင်းခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် တစ်သောင်းကျော် ပြန်လည်ကျဆင်းလာ

**မန္တလေး မေ ၄**

ပြည်ပမှ မြေပဲဝယ်လိုအားမှာ ပုံမှန်သာရှိနေသဖြင့် ပြည်ပတင်ပို့မှု (FOB) ဈေးနှုန်းများ ငြိမ်သက်နေသော်လည်း မန္တလေးဈေးကွက်အတွင်း၌မူ ဝယ်လိုအားအေးနေခြင်းကြောင့် မြေပဲတစ်အိတ်လျှင် ငွေကျပ် တစ်သောင်းကျော်အထိ ဈေးနှုန်းများ ကျဆင်းလျက်ရှိသည်။

ကုန်စည်ဒိုင်ဈေးကွက်အခြေအနေအရ မြေပဲ (S1 လုံးဆန်) သစ်မှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ ဝန်းကျင်ဖြင့် ဈေးနှုန်းတည်ငြိမ်နေသော်လည်း အခြားသော မြေပဲအမျိုးအစားများမှာမူ ဈေးနှုန်းကျဆင်းခဲ့ကြောင်း၊ အထူးသဖြင့် မြေပဲ (ပြန့်လုံးဆန်) သစ်မှာ ယခင်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၉၅၀၀၀ ကျော်အထိ ရှိခဲ့ရာမှ ယခုအခါ ငွေကျပ် ၃၈၀၀၀၀ ဝန်းကျင်သို့ ပြန်လည်ကျဆင်းလာခဲ့သည်။

ဆီစက်လုပ်ငန်းရှင်များ အဓိကအသုံးပြုသည့် မြေပဲ (S1 ဆီဆန်) သစ်ဈေးနှုန်းမှာလည်း ဈေးနှုန်းကျဆင်းလာကြောင်း၊ ယခင်က တစ်အိတ်လျှင် ငွေကျပ် ၃၇၅၀၀၀ ကျော်ရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၃၅၈၀၀၀ ဝန်းကျင်သို့ ရောက်ရှိသွားသဖြင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀ ခန့် ဈေးနှုန်းကျဆင်းလာခဲ့သည်။

အလားတူ မြေပဲ (အနီလုံးဆန်) သစ်ဈေးနှုန်းမှာလည်း တစ်အိတ်လျှင် ငွေကျပ် ၃၇၅၀၀၀ ဝန်းကျင်မှ ငွေကျပ် ၃၇၀၀၀၀ ဝန်းကျင်သို့ ဈေးနှုန်းအနည်းငယ် ကျဆင်းသွားခဲ့သည်။

ဈေးကွက်အတွင်း ပစ္စည်းအဝင်ရှိသော်လည်း ဝယ်လိုအားဘက်မှ အေးနေခြင်းကြောင့် ဈေးနှုန်းများ ယခုကဲ့သို့ အနိမ့်ဘက်သို့ ဦးတည်လာခြင်းဖြစ်သည်ဟု မန္တလေးကုန်သည်များက သုံးသပ်ကြသည်။

ထို့ကြောင့် လာမည့်ရက်သတ္တပတ်များအတွင်း ပြည်ပဝယ်လိုအား အပြောင်းအလဲနှင့် ပြည်တွင်းဆီစက်များ၏ ဝယ်ယူမှုအပေါ်မူတည်၍ ဈေးနှုန်းများ ပြန်လည်လှုပ်ခတ်လာနိုင်မည့် အခြေအနေကို ဆက်လက်စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**





## နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**ကန့်ဘလူ မေ ၄**

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို မေ ၃ ရက် ညနေ ၄ နာရီခွဲက ကန့်ဘလူမြို့နယ် မီးသတ်ဦးစီးဌာန မြို့မမီးသတ်စခန်းရှေ့၌ ကျင်းပရာ မီးသတ်တပ်ဖွဲ့ဝင် မိသားစုများက ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကြသည်။

အားကစားပြိုင်ပွဲများတွင် ကလေးငယ်များ အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ မီးသတ်တပ်ဖွဲ့ဝင်တို့၏ ဇနီးများက ဆန်ကောရှက်ပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲများ ကျင်းပပေးပြီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသူများကို ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ဌေးဝင်းနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**


**ယာဉ်မောင်းသူများ လိုက်နာရန်**

- မြို့တွင်း တစ်နာရီ (၄၈)ကီလိုမီတာအတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယစီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ)ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။


## ကျွဲ၊ နွား ကူးစက်ရောဂါကြိုတင်ကာကွယ်ဆေးထိုးနှံပေး

**ပုသိမ်ကြီး မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ ရက် ၁၀၀ စီမံချက်ဖြင့် ကျွဲ၊ နွားကူးစက်ရောဂါ ကြိုတင်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို မေ ၂ ရက် နံနက် ၉ နာရီက ငြိမ်းချမ်းသာစံကျေးရွာရှိ SUNDAY နို့စားနွားမွေးမြူရေးခြံတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာသို့ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသန်းအေး၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့်အဖွဲ့ဝင် ဦးညွန့်ဆန်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ထိန်နှင့်ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ကြပြီး အဆိုပါ ခြံရှိ နို့စားနွား ၆၈ ကောင်အား ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။ **(အောက်ယာပုံ)**




ရက် (၁၀၀) စီမံချက်အရ ကျွဲ၊ နွားကူးစက်ရောဂါ ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်း၊ မေထုန်မဲ့သားစပ်ခြင်း၊ ပညာပေးသင်တန်းဖွင့်လှစ်ခြင်းနှင့် မွေးမြူရေးခြံမှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ပုသိမ်ကြီးမြို့နယ်အနေဖြင့် ကျွဲ၊ နွားကူးစက်ရောဂါကာကွယ်ဆေးသုံးမျိုး၊ ကျေးရွာအုပ်စု(၁၂)အုပ်စု၊ ကျွဲ၊ နွားကောင်ရေ ၄၄၀၀ ကောင်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စာနည်းကိုကို (ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

# မုံရွာမြို့ ချင်းတွင်းမြစ်ရိုးတစ်လျှောက် ရေထိန်းတာရိုးများကြံ့ခိုင်ရေး စစ်ဆေး



**မုံရွာ မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ချင်းတွင်းမြစ်ရိုးတစ်လျှောက် ရေထိန်းတာရိုးများ ကြံ့ခိုင်မှုရှိစေရေး၊ မြစ်ရေကြီးချိန်တွင် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးကိုလေး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် မေ ၂ ရက် နံနက်ပိုင်းက မုံရွာမြို့၊ မြို့သစ်ရပ်ကွက်မှ အေးသာယာရပ်ကွက်အထိ ချင်းတွင်း မြစ်ရိုးတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြခြင်း ဖြစ်သည်။

ရေထိန်းတာရိုးများ ကြံ့ခိုင်မှုရှိစေရေး၊ မြစ်ရေကြီးချိန်တွင် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်ရေး၊ ကမ်းနားလမ်းတစ်လျှောက် ပတ်ဝန်းကျင် အမြဲသန့်ရှင်းသပ်ရပ်စေရေး၊ တာရိုးများပေါ်ရှိ ကွန်ကရစ်လျှောက်လမ်းများ ကောင်းမွန်စေပြီး မြို့နေပြည်သူများ လမ်းလျှောက်၊ အပန်းဖြေပြုလုပ်နိုင်ရေးနှင့် လျှပ်စစ်မီးတိုင်များ၊ ခုံများနှင့် ပန်းအလှပင်များ ပြန်လည်ပြုပြင်ဆောင်ရွက်သွားရေးတို့အား တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်ရှိ ချင်းတွင်းမြစ်အတွင်းမှ မြစ်ကြောင်းများတွင် မော်တော်၊ သင်္ဘောများ ရာသီမရွေးသွားလာနိုင်ရေး၊ မြစ်ကမ်းများ ရေတိုက်စားပြီး ကမ်းများပြိုကျမှုမရှိစေရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် ချင်းတွင်းမြစ်အတွင်းမှ မြစ်သဲ၊ ကျောက်ထုတ်လုပ်ရေးလုပ်ငန်းလိုင်စင်များအား သက်ဆိုင်ရာဌာနဆိုင်ရာများ၏ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန်နှင့် ချင်းတွင်းမြစ် ရေစီးရေလာကောင်းမွန်စေရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် အလေးထားလုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ချင်းတွင်းသင်္ဘောကျင်းဌာနခွဲဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဝန်ထမ်းများအနေဖြင့် ဆိပ်ကမ်းတွင် ထားရှိသည့် သင်္ဘောအဟောင်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး လုပ်ငန်းများ ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

မုံရွာမြို့၊ ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီရုံး ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရီးသွားပြည်သူများ ဘေးကင်းစွာဖြင့် သွားလာနိုင်ရေး၊ ရေကြောင်းအန္တရာယ်ကင်းရှင်းစေရေးနှင့် ရေယာဉ်များ စနစ်တကျသွားလာနိုင်ရေး၊ တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်မှုမရှိစေရေးအတွက် တာဝန်ရှိသူအားလုံးမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၁၉၄)



# နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်း

**မိုင်းယောင်း မေ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း သာသနာ့ဗိမာန်တော်၌ ယမန်နေ့က နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ထေရဝါဒဗုဒ္ဓသာသနာပြု(မိုင်းယု)ကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစိတ္တသာရထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တဘဒ္ဒိယနှင့် ဆရာတော်များက နွေရာသီယဉ်ကျေးလိမ္မာသင်တန်းနှင့် ပတ်သက်၍ ဩဝါဒကထာများ မြွက်ကြားတော်မူကြသည်။

ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းဆရာတော်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုနှင့် တာဝန်ရှိသူများက တတိယအဆင့်၊ ဒုတိယအဆင့်နှင့် အခြေခံအဆင့်တို့တွင် အဆင့်အလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသည့် သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သင်တန်းကို မြို့နယ်သာသနာပြုဆရာတော်များက ကြီးမှူးပြီး သင်တန်းသား၊ သင်တန်းသူ ၆၃ ဦးဖြင့် မတ် ၁၆ ရက်မှ မေ ၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**စိုင်းအောင်ဇော်လင်း**

# ချို့ယွင်းပျက်စီးနေသည့် စက်ရေတွင်းအား ပြန်လည်ပြုပြင်ပေး

**ညောင်ဦး မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် စုတည်ကျေးရွာတွင် စက်ရေတွင်း ချို့ယွင်းပျက်စီးသွားသဖြင့် ဒေသခံပြည်သူများ သောက်သုံးရေ အခက်ကြုံတွေ့နေရကြောင်း သိရ၍ မေ ၃ ရက်နေ့က ပုဂံမြို့၊ ရတနာဘုံစံတောရမဇ္ဈိမရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့က ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစေရန် ချို့ယွင်းပျက်စီးနေသော စက်ရေတွင်းအား သွားရောက်ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

ညောင်ဦးမြို့နယ်၊ စုတည်ကျေးရွာတွင် အိမ်ထောင်စု ၂၀၀ ကျော်၊ လူဦးရေ ၆၀၀ ကျော် နေထိုင်လျက်ရှိပြီး ကျေးရွာနေပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြကြောင်းနှင့် သောက်သုံးရေအတွက် ကျေးရွာရှိ စက်ရေတွင်းကိုသာ မှီခိုအားထားပြုနေရကြောင်း အဆိုပါ ကျေးရွာရှိ ဒေသခံပြည်သူများထံမှ သိရသည်။

အဆိုပါ ကျေးရွာနေ ပြည်သူများ သောက်သုံးရေအတွက် မှီခိုအားထားရသည့် စက်ရေတွင်းမှာ နှစ်ကာလကြာမြင့်မှုကြောင့် မော်တာပန့်နှင့် ဆက်စပ်ပစ္စည်းများ ချို့ယွင်းပျက်စီးသွားသဖြင့် ယမန်နေ့က ပုဂံမြို့ ရတနာဘုံစံတောရ မဇ္ဈိမရိပ်သာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့က စေတနာအလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၃ သိန်းဖြင့် ချို့ယွင်းပျက်စီးနေသော စက်ရေတွင်းအား ကျေးရွာနေပြည်သူများ ရာသီမရွေး သောက်သုံးရေ ဖူလုံစွာ သုံးစွဲရန်အတွက် မော်တာပန့်နှင့် ဆက်စပ်ပစ္စည်းများကို အသစ်လဲလှယ်တပ်ဆင်၍ ပြုပြင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စက်ရေတွင်းမှာ ပြန်လည်ကောင်းမွန်သွားပြီဖြစ်သည်။

ယခုအခါ စုတည်ကျေးရွာ၌ ချို့ယွင်းပျက်စီးနေသော စက်ရေတွင်းမှာ ပြန်လည်ကောင်းမွန်သွားပြီဖြစ်၍ ကျေးရွာနေ ပြည်သူများနှင့် ကျေးရွာရှိ ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေ ဖူလုံစွာ သုံးစွဲခွင့်ရရှိပြီဖြစ်သဖြင့် ကျေးရွာနေပြည်သူများက ဝမ်းသာပျော်ရွှင်လျက်ရှိနေကြကြောင်း၊ ယခုပြုပြင်ဆောင်ရွက်ပေးခဲ့သည့် စက်ရေတွင်းမှာ ညောင်ဦးမြို့နယ်အတွင်း ၉၇ တွင်းမြောက် ပြုပြင်လှူဒါန်းပေးခြင်းဖြစ်ကြောင်း အဆိုပါ ပရဟိတအဖွဲ့မှ နာယကဆရာတော် ဘဒ္ဒန္တသာဂရထံမှ သိရသည်။

(၄၄၅)

ဝ-ဝ-ဝ-ဝ-ဝ



# နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ကျွန်းလှ မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ယနေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (ကျွန်းလှ) ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

"ကျွန်းလှမြို့နယ်အတွင်းမှာ ရှိတဲ့ အသက် ၁၀ နှစ်နဲ့အထက် နိုင်ငံသားစိစစ်ရေးကတ် မကိုင်ဆောင်ရသေးတဲ့ ပြည်သူတွေကို အစိုးရသစ်လက်ထက် ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးရာမှာ လိုအပ်တဲ့ အချက်အလက်တွေ အချိန်ကုန်သက်သာပြီး တစ်နေရာထဲရရှိနိုင်ရန် မိတ်ဖက်အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်" ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျွန်းလှမြို့နယ်ဦးစီးမှူးရုံးမှ ဒုတိယလဝကမှူး ဦးကျော်နိုင်ထွန်းက ပြောသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်နှင့် တာဝန်ရှိသူများက ကြီးကြပ်၍ လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၀)



# စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပျော်ဘွယ် မေ ၄**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာနေပြည်သူများ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျေးရွာ မမွာရုံ၌ ကျင်းပသည်။ (ဝဲပုံ)

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဗဟုသုတရရှိစေမည့် စာပေများ၊ မိမိတို့နှင့် လိုက်လျောညီထွေဖြစ်မည့် စာပေများကို ရွေးချယ်ဖတ်ရှုရန် လိုအပ်ပါကြောင်းနှင့် မူးယစ်ဆေးဝါး အန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကို ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး စာအုပ်၊ စာစောင်များကို တက်ရောက်လာသည့် ပြည်သူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# "အပြာရောင် ခြသေ့်တို့၏ အားမာန်" နှစ်(၈၀)ပြည့်

နှစ်စဉ် မေ ၅ ရက်သည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အဖြစ် ၁၉၄၆ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ရာ ၂၀၂၆ ခုနှစ်တွင် နှစ် ၈၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံမီးသတ်သမိုင်းကို လေ့လာလျှင် ပုဂံခေတ်မှစတင်ခဲ့ပြီး မန္တလေးရတနာပုံခေတ်အထိ အဆက်ဆက်သော မင်းများက မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်း၍ မီးဘေးကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ရတနာပုံခေတ်တွင် အင်္ဂလိပ်၊ မြန်မာစစ်ပွဲ(၃)ဆင့်နွှဲခဲ့ရပြီး မြန်မာတစ်နိုင်ငံလုံး ကိုလိုနီနိုင်ငံအဖြစ် သူ့ကျွန်ဘဝရောက်ခဲ့ရကာ ဗြိတိသျှအစိုးရလက်ထက်၌ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများနှင့် ၎င်းတို့ပိုင်ပစ္စည်းများကို ကာကွယ်ရန် မြန်မာနိုင်ငံသားများ မပါဝင်သော နိုင်ငံခြားသားများဖြင့်သာ မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။

၁၉၃၉ခုနှစ်ရောက်မှ မြန်မာလူမျိုးများနှင့်ကပြားများပါဝင်သော မီးသတ်တပ်ဖွဲ့များကို ဖွဲ့စည်းစေပြီး မြန်မာလူမျိုး ဦးလှကျော်ကို အုပ်ချုပ်စေခဲ့ကြသည်။

ဗြိတိသျှအစိုးရသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ တည်ရှိရာ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ စစ်တွေအစရှိသော မြို့ကြီးများကိုသာ မြူနီစပယ်အက်ဥပဒေအရ တည်ထောင်ဖွဲ့စည်းပေးခဲ့ကြသည်။ ထိုစဉ်က မြူနီစပယ်မီးသတ်၊ ဒေသန္တရမီးသတ်၊ ကုမ္ပဏီမီးသတ်၊ အပျော်တမ်းမီးသတ်ဟူ၍ လေးမျိုးထားရှိခဲ့သည်။

စစ်ပြီးခေတ် မြန်မာနိုင်ငံကို ဗြိတိသျှအစိုးရအုပ်ချုပ်ရေးဖြင့် ဆောင်ရွက်ချိန်တွင် အစိုးရတပ်မှ ဒုတိယဗိုလ်မှူးကြီးတစ်ဦးကြီးကြပ်၍ ဗမာနိုင်ငံလုံးဆိုင်ရာမီးသတ်အစည်းအရုံးကြီးကို တည်ထောင်ဖွဲ့စည်းပြီး မြို့ပြအုပ်ချုပ်ရေးစနစ်ဖြင့် မီးသတ်ညွှန်ကြားရေးဝန်ရုံးကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

၁၉၄၂ ခုနှစ်တွင် တစ်နိုင်ငံလုံး မီးသတ်အစည်းအရုံးများဖွဲ့စည်းကာ မီးဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများကို တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လာခဲ့ကြသည်။

၁၉၄၆ ခုနှစ်၊ မေ ၅ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ကန်တော်လေး ဖိနက်အစ္စလာမ် မိန်းကလေးကျောင်းခန်းမတွင် ပထမအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံး ညီလာခံကို ကျင်းပခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်မိန့်ခွန်း ပြောကြားပေးသည်။ ထိုနေ့ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ကြပြီး နှစ်စဉ် မေ ၅ ရက်ရောက်တိုင်း တပ်ဖွဲ့နေ့အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးဦးဇော်တင်ထွန်း၏ လမ်းညွှန်မှုကိုခံယူ၍ နှစ်(၈၀)ပြည့်မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးသတ်စွမ်းရည်ပြိုင်ပွဲများဖြစ်သော စက်ကြီးပြိုင်ပွဲ၊ စက်ကလေးပြိုင်ပွဲ၊ စစ်ရေးပြပြိုင်ပွဲ၊ တစ်ဦးချင်း ရှာဖွေကယ်ဆယ်ရေးပြိုင်ပွဲများကို ကျင်းပပေးခဲ့ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သော ဘုရားစေတီပုထိုးများ သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ဆရာတော်၊သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်း၊ သက်ကြီးသန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ပူဇော်ကန်တော့ခြင်း၊ ဇီဝိတဒါန သွေးလှူဒါန်းခြင်းများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ကြသည်။

၁။ ၂၉-၄-၂၀၂၆ မှ ၁-၅-၂၀၂၆ အထိ စက်ကြီးပြိုင်ပွဲ၊ အပေါ့စားစက်ကလေးပြိုင်ပွဲ၊ အဖွဲ့လိုက်စစ်ရေးပြစွမ်းရည်ပြိုင်ပွဲ၊ တစ်ဦးချင်းရှာဖွေကယ်ဆယ်ရေးပြိုင်ပွဲများ ပြုလုပ်ခဲ့ကြသည်။

၂။ ၃၀-၄-၂၀၂၆ တွင် အိမ်တော်ရာဘုရားရေသပ္ပာယ်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းများ ဆောင်ရွက်၍ ပြည်လုံးချမ်းသာကျောင်းတွင် သံဃာတော်များအား ဆွမ်းကပ်ခြင်း၊ မိဘမဲ့ကလေးများအား ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

၃။ ၁-၅-၂၀၂၆ တွင် မန္တလေးတောင် ဗျာဒိတ်ပေးရုပ်ပွားတော်ကြီးတွင် ကန်တော့ပွဲထိုး၍ ဗဟိုမီးသတ်ရုံးတွင် ဆိုင်းဘုတ်ထောင်ပြီး အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးသန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ပူဇော်ကန်တော့ခဲ့ကြပါသည်။

၄။ ၂-၅-၂၀၂၆ တွင် ဗဟိုမီးသတ်ရုံးတွင် ဇီဝိတဒါနစုပေါင်းသွေးလှူဒါန်းခြင်းအခမ်းအနားကို သန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ ဦးက သွေးလှူဒါန်းပေးခဲ့ကြပါသည်။

၅။ ၃-၅-၂၀၂၆ တွင် နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် နှစ် ၈၀ ပြည့်မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတက်ရောက်ရန်အတွက် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဟောင်း ဦးဘသာ ဦးဆောင်သော သန္တေ၊အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀ ဦးတို့အား မန္တလာမင်းမော်တော်ယာဉ် 1J-2232ဖြင့် ပို့ဆောင်ပေးပြီး အခမ်းအနားတက်ရောက်နိုင်ရန် စီစဉ်ပေးခဲ့ကြပါသည်။

၆။ ၅-၅-၂၀၂၆ တွင် မန္တလေးမြို့တော်ခန်းမတွင် ဆုရရှိကြသောတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ပြီး နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြမည်ဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ သိရှိရပါသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ပရဟိတကို အခြေခံ၍ နိုင်ငံအတွင်းဖြစ်ပွားနေသော မီးဘေး၊ ရေဘေး၊ ငလျင်ဘေး အစရှိသော သဘာဝဘေးဒဏ်များကို ကူညီဆောင်ရွက်ပေးနေသော လူမှုအဖွဲ့အစည်းတစ်ရပ်ပင်ဖြစ်ရာ မွန်မြတ်သော စိတ်ထားရှိသူများ ဖြစ်သည့်အတွက် ၂၀၂၆ ခုနှစ်၊ မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့်မီးသတ်တပ်ဖွဲ့နေ့ကို ဤစာစုဖြင့် ဂုဏ်ပြုလိုက်ရပါသည်။

**နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးသတ်စွမ်းရည်ပြိုင်ပွဲများဖြစ်သော စက်ကြီးပြိုင်ပွဲ၊ စက်ကလေးပြိုင်ပွဲ၊ စစ်ရေးပြပြိုင်ပွဲ၊ တစ်ဦးချင်း ရှာဖွေကယ်ဆယ်ရေးပြိုင်ပွဲများကို ကျင်းပပေးခဲ့ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သော ဘုရားစေတီပုထိုးများ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်း၊ သက်ကြီးသန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ပူဇော်ကန်တော့ခြင်း၊ ဇီဝိတဒါန သွေးလှူဒါန်းခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။**

**မောင်ရန်ရှင်း(ရန်ကင်းတောင်)**

# စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက် (မေ ၄ ရက်မှ ၁၀ ရက်အထိ)

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှု အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန် အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၅ ဒီဂရီဖာရင်ဟိုက်မှ ၉၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၅ ဒီဂရီဖာရင်ဟိုက်မှ ၁၀၅ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန် အခြေအနေ**

ချင်းပြည်နယ်တွင် ၅၂ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း



ဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆ အခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၅၇ ရာခိုင်နှုန်းမှ ၆၆ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၇ ရာခိုင်နှုန်းမှ ၇၆ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၇ ရာခိုင်နှုန်းမှ ၈၇ ရာခိုင်နှုန်းအတွင်း ရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်း အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၂၄ မီလီမီတာမှ ၃၅ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၆ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း ရှိနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲမှ ထုတ်ပြန်ထားကြောင်း သိရသည်။

**ရွှေမန်း**

# နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ကုသိုလ်ပြုလုပ်ငန်းများဆောင်ရွက်

**တောင်တွင်းကြီး မေ ၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ကုသိုလ်ပြုလုပ်ငန်းများအဖြစ် ဘုရား ရေသပ္ပာယ်ခြင်းနှင့် ရင်ပြင်တော်သန့်ရှင်းရေးလုပ်ငန်းများကို ယမန်နေ့ ညနေ ၄ နာရီက တောင်တွင်းကြီးမြို့၊ တောင်ပြင်(၂)ရပ်ကွက်ရှိ ရွှေမော်ဓောပရိယတ္တိစာသင်ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သည့် ရွှေမော်ဓောစေတီတော် ဘုရားပရိဝုဏ်အတွင်း၌ စုပေါင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောမောင် ဦးဆောင်ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်(၁၀)ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် ရွှေမော်ဓောစေတီတော် ပရိဝုဏ်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ဘုရားပရိဝုဏ်အတွင်း ပေါင်းမြက်၊ အမှိုက်များ ဆယ်ယူရှင်းလင်းခြင်း၊ ရင်ပြင်တော် သန့်ရှင်းရေးလုပ်ငန်းများနှင့် ရွှေမော်ဓောပရိယတ္တိစာသင်ကျောင်းတိုက်အတွင်း ဆရာတော်၊ သံဃာတော်များ အသုံးပြုသည့် ကုဋီ(အိမ်သာ) သန့်ရှင်းရေးပြုလုပ်ခြင်းလုပ်ငန်းများကို ကုသိုလ်ပြု ဝိုင်းဝန်းစုပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဓါတ်ပုံ)

**နောင်နောင်(ဗိဿနိုးမြေ)**

# လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မိုင်းယောင်း မေ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ဗလမင်းထင်ခန်းမ၌ ယမန်နေ့က ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် လူငယ်ရေးရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသက်ဆွေက လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် စပ်လျဉ်း၍ ပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဘွန်းစီတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးများက ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆွေးနွေးပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့သည်။

၄င်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌသည် လူငယ်ရေးရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**စိုင်းအောင်စော်လင်း**



# အသိပညာပေးဟောပြောခြင်းနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**အုတ်တွင်း မေ ၄**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် ခင်တန်းကျေးရွာ၊ ဘဝအဖော်မွန် စာကြည့်တိုက် ကော်မတီတို့ ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား၊ ကျောင်းသူများအား ဘေးအန္တရာယ်ဖြစ်နိုင်ခြေ သိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာ ပြုမူနေထိုင်တတ်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောခြင်းနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ဘဝအဖော်မွန်စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးခင်မောင်ချိုက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲ ဒုတိယတပ်ဖွဲ့မှူး ဒေါ်ခင်ဖုန်းမြင့်က အန္တရာယ်ဖြစ်နိုင်ခြေ သိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာ ပြုမူနေထိုင်ခြင်းအကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူ ၃၂ ဦးအား အန္တရာယ်ဖြစ်နိုင်ခြေ သိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာ ပြုမူနေထိုင်ခြင်းနှင့်ပတ်သက်၍ ဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခြင်းနှင့် ဆေးရောင်ခြယ်ဘူးများ အမှတ်တရလက်ဆောင် ပေးအပ်ခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဗလာစာအုပ်များ လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြောင်း မြို့နယ်ကြက်ခြေနီအသင်းခွဲ ဒုတိယတပ်ဖွဲ့မှူးထံမှ သိရသည်။(ယာပုံ)

**ခင်ခင်မာ(ပြန်/ဆက်)**






"မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့်-"




## တစ်သက်တာဘဝ စာဖတ်ကြ

* တို့လူငယ် စာပေဖတ်
အနာဂတ် တည်ဆောက်လေ ။
စာရိတ္တကို မြှင့်တင်ထား
ကြိုးစားကာနေ ။
ငွဲ၊ လုံ့လ ရှိကြစေ
ပျင်းစိတ်တွေ မောင်းထုတ်လျက် ။
မြတ်ပညာ တစ်ပွင့်ပန်းတို့
ဆင်မြန်းမပျက် ။

* စာဖတ်သူ ဉာဏ်ရည်ထက်
ကြံဆတက် အမှန်သာ ။
လောကဝယ် ပညာတရား
ကြီးမားလေပါ ။
ဆည်းကပ်ကြ တို့၊ သူ၊ ငါ
ရင်ထဲမှာ ချည်နှောင်စမ်း ။
ထာဝစဉ် သင်ယူကြလို့
နေ့၊ ည ကြိုးပမ်း ။

* တစ်သက်တာ ဘဝလမ်း
အမြဲတမ်း စာဖတ်မည် ။
ပညာရယ် လူ့တန်ဖိုး
မညှိုးဂုဏ်ရည် ။
စာပေက လမ်းညွှန်သည်
သင်းထုံကြည် ပန်းလိုမွှေး ။
အမှောင်ကို ဖြိုခွင်းလျက်မို့
(အိုကွယ်)
မပျက်ကြံတွေး ။ ။

**ဇကျမ်းရွာကျောင်းအိုသား**

# မဟာမြတ်မုနိကျောင်းတော်ကြီး ပန္နက်တော်တင်မင်္ဂလာ ကျင်းပ



**မိုင်းယောင်း မေ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့ ကျက်သရေဆောင် မြို့ဦးစေတီ ပရိဝုဏ်အတွင်း၌ မဟာမြတ်မုနိရုပ်ပွားတော်ကြီး တည်ထားပူဇော်နိုင်ရန် ပြာသာဒ်၊ တန်ဆောင်း ကျောင်းတော်ကြီး ပန္နက်တော်တင်၊ တွင်းတော်ဝန်း၊ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်၍ မြို့နယ်သံဃနာယက အဖွဲ့ဝင် ထေရဝါဒဗုဒ္ဓသာသနာပြု (မိုင်းဟန်)ကျောင်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဋိလ ထံမှ ကိုးပါးသီလခံယူဆောက်တည်၍ အနုမောဒနာတရားနာကြားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ကျောက်ခဲ၊ ပရိတ်ချည်နှင့် ပန္နက်တံများ ကပ်လှူခဲ့ကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး သတ်မှတ်ထားသည့် မြေနေရာသို့ သွားရောက်၍ ပန္နက်တော်တင်၊ တွင်းတော်ဝန်း၊ အုတ်မြစ်တော်စီမင်္ဂလာကို ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခုံပရိယတ္တိစာသင်တိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂန္ဓရသဝံသောနှင့် ဆရာတော်၊သံဃာတော်များ၊ အမှတ်(၁၈) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဒုတိယ စစ်ဆင်ရေးကွပ်ကဲရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**စိုင်းအောင်ဇော်လင်း**



**နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ဦးဆောင်၍ သရက်ခရိုင်၊ မြို့နယ် တပ်ဖွဲ့များနှင့် မိသားစုဝင်များစုပေါင်း၍ သရက်မြို့ရှိ မြချမ်းသာစေတီတော်အား ယနေ့နံနက် ၇နာရီက ရေသပ္ပာယ်ခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်း ကုသိုလ်များ ဆောင်ရွက်ကြစဉ်။**

(ကဆ)



# စုပေါင်းသွေးလှူဒါန်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**တာချီလိတ် မေ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ၂၀၂၆ ခုနှစ်၊ မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ဆိုင်းဘုတ်စိုက်ထူခြင်း၊ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ယမန်နေ့က တာချီလိတ်ခရိုင်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တာချီလိတ်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက မီးသတ်ဦးစီးမှူးရုံးအရှေ့တွင် နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆိုင်းဘုတ်ပိုစတာကို စိုက်ထူခဲ့ကြပြီး ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ကိုးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦး၊ စုစုပေါင်း ၁၁ ဦးတို့က ခရိုင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခဲ့ရာ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးဝင်းနိုင်နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးပြီး သတ်မှတ်နေရာအသီးသီးတွင် စုပေါင်းသွေးလှူဒါန်းကြသည်။

ထို့နောက် ခရိုင်မီးသတ်တပ်ဖွဲ့များ၊မြို့နယ်သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မော်မော်ခိုင် ဦးဆောင်သော မိသားစုဝင်များ စုစုပေါင်း ၉၆ ဦးတို့က ဘိုးဘွားရိပ်သာအတွင်းရှိ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များ၊ ရေမြောင်းများအတွင်း ပိတ်ဆို့နေသော အမှိုက်များရှင်းလင်းခြင်းနှင့် ရေအိမ်သာများအား သန့်စင်ဆေးကြောခြင်းများ စုပေါင်းလုပ်အားဒါနပြု ဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံနှင့် အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးလှမင်း၊မြို့နယ်မီးသတ်ဦးစီးမှူး ဦးငြိမ်းထက်အောင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

# မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေပေးအပ်

**မန္တလေး မေ ၄**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့် တစ်ပြေးညီ ထောက်ပံ့လျက်ရှိရာ မေ ၃ ရက်က ကျန်းမာရေးချို့ယွင်းလာ၍ Grand Mandalay ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူနေသော သတ္တဗေဒဌာန ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ကန်တော့ခံ ဆရာမကြီး ဒေါက်တာ ဒေါ်ခင်မြမြထံသို့ ကျန်းမာရေးစောင့်ရှောက်မှု ကန်တော့ငွေကျပ် ငါးသိန်းကို ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဥက္ကဋ္ဌ ဒေါက်တာသီတာဝင်းနှင့် တာဝန်ရှိသူများက ဆေးရုံသို့ သွားရောက်ပေးအပ်၍ ကျန်းမာရေးမေးမြန်း၍ အားပေးစကားများ ပြောကြားခဲ့သည်။

အလားတူ မန္တလေးတက္ကသိုလ် သတ္တဗေဒမိသားစု ကျန်းမာရေးဖောင်ဒေးရှင်းမှလည်း ဂါရဝပြုငွေကျပ် သုံးသိန်းပေးအပ်ခဲ့သည်။



မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှ ၂၀၂၆ ခုနှစ်၊ မေ ၃ရက်အထိ ကျန်းမာရေးမကောင်း၍ ဆေးကုသမှုခံယူသော ကန်တော့ခံ ဆရာ၊ ဆရာမကြီး ၃၉၁ ဦးအား ငွေကျပ် သိန်း ၈၃၀ ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

၀-၀-၀-၀-၀

# ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစေရန် ရေဂါလန် ၆၄၀၀ ဖြန့်ဝေလှူဒါန်း

**ညောင်ဦး မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာ ကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် နေ့စဉ် ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေလှူဒါန်းပေးလျက်ရှိရာ မေ ၃ရက်က ညောင်ဦးမြို့နယ်၊ နပွလင်ကျေးရွာသို့ သွားရောက်၍ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ထိုသို့ သောက်သုံးရေများ လှူဒါန်းပေးရာတွင် ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာ ကျောင်းတိုက်နာယက ဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား၊ အသင်းသူများက နပွလင်ကျေးရွာရှိ ဒေသခံပြည်သူများ နွေရာသီကာလ သောက်သုံးရေဖူလုံစေရန်အတွက် ရေဂါလန် ၆၄၀၀ အား အိမ်ထောင်စု၊ လူဦးရေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။



ညောင်ဦးမြို့နယ် ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာ ကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက နွေရာသီကာလ မြို့နယ်တွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲမဖြစ်စေရန်နှင့် ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် နေ့စဉ် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)

# ရှာဖွေကယ်ဆယ်ရေးများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်နေသော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့

## နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ တပ်ဖွဲ့ဝင်များသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာနှင့် အကြင်နာတရားတည်းဟူသော နာငါးနာဖြင့် မွန်မြတ်သည့် လူမှုဝန်ထမ်းတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် "သောသောည် ပုဂံမီးဆော်မောင်း" ဆိုသည့် စကားအရ အေဒီ ၁၁ ရာစု၊ ၁၁၄၀ ပြည့်နှစ် ပုဂံမင်းဆက် လက်ထက်တွင် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရသည်။

မျက်မှောက်ခေတ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကို ၁၉၄၆ ခုနှစ်၊ မေ ၅ ရက်တွင် စတင်ထူထောင်ခဲ့ပြီး ပြည်သူများ၏ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ မေ ၅ ရက်တွင် နှစ်(၈၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များနှင့် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်အပြင် သဘာဝအလျောက် ဖြစ်ပွားတတ်သော ရေဘေး၊ လေဘေး၊ ငလျင်ဘေး စသော ဘေးအန္တရာယ်အမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုခံယူပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ခေတ်တွင် လူနေမှုအဆင့်အတန်းမြင့်မားလာသည်နှင့်အမျှ မီးလောင်မှုပုံစံများမှာ ဆန်းပြားလာသည်။ သမားရိုးကျ မီးလောင်မှုဖြစ်စဉ်မျိုးမဟုတ်တော့ဘဲ လျှပ်စစ်ဝါယာအပူလွန်ကဲရာမှ မီးလောင်ခြင်း၊ ဓာတ်ငွေ့အိုးပေါက်ကွဲခြင်း၊ ထမင်းပေါင်းအိုး၊ မီးပူတို့မှ မီးလောင်ခြင်း၊ နေအိမ်တိုက်ခန်းအတွင်း ခြင်ဆေးခွေထွန်းပြီး အိပ်ပျော်သွားရာမှ ခြင်ထောင်၊ မွေ့ရာများသို့ ကူးစက်မီးလောင်မှုများသည် တိုးတက်ပြောင်းလဲလာသည့် လူနေမှုစနစ်နှင့်အတူ ပြောင်းလဲလာသော မီးလောင်မှုများဖြစ်သည်။ ပြောင်းလဲလာသော မီးလောင်မှုဖြစ်စဉ်များကို တားဆီးငြိမ်းသတ်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များကို အရည်အသွေးမြင့်မားသည့် မီးသတ်တပ်ဖွဲ့ဝင်များဖြစ်စေရန်အတွက် မီးသတ်ဌာနချုပ်နှင့် ဗဟိုမီးသတ်သင်တန်းကျောင်းတွင် ဖွင့်လှစ်သော မီးသတ်သင်တန်းများအပြင် ပြည်ပနိုင်ငံ အသီးသီးသို့ပါ မီးသတ်ပညာတော်သင်များ စေလွှတ်ပြီး သင်ကြားပေးလျက်ရှိသည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တွင်ရှိသော သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များကိုလည်း အရေးပေါ်အခြေအနေများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် အခြေခံမီးသတ်သင်တန်းများ၊ ရှာဖွေကယ်ဆယ်ရေးသင်တန်းများ၊ အသက်ကယ်သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်မီးသတ်ဦးစီးဌာနများတွင် သင်ကြားပေးခဲ့သည်။ သန္နေမီးသတ်နည်းပြများက သင်ကြားပေးသည့် ဘာသာရပ်များမှာ ကြိုးချည်နည်း၊ ကြိုးအသုံးပြုနည်း၊ ကြိုးအသုံးပြု၍ အမြင့်တက်ခြင်း၊ ကြိုးဖြင့် အထပ်မြင့်မှ ဆင်းခြင်း၊ ခေတ်မီအသက်ကယ်ပစ္စည်းများ အသုံးပြုနည်း၊ ငလျင်ဘေးရှာဖွေကယ်ဆယ်ခြင်း၊ အန္တရာယ်ရှိ ဓာတုပစ္စည်းများ မီးလောင်မှုဖယ်ရှားရှင်းလင်းခြင်း၊ မီးငြိမ်းသတ်ခြင်း၊ ခေတ်မီ မီးသတ်စက်များ အသုံးပြုခြင်းတို့ကို လက်တွေ့သင်ကြားပေးသည်။



သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ခေတ်မီ မီးသတ်ကိရိယာများ ကိုင်တွယ်အသုံးပြုနည်း၊ အထပ်မြင့်အဆောက်အအုံ မီးလောင်မှုငြိမ်းသတ်ခြင်း၊ အထပ်မြင့်အဆောက်အအုံမှ လူများအား လေမွေ့ရာအသုံးပြု ရှာဖွေကယ်ဆယ်နည်းများအပြင် မီးလောင်ပြင်ထဲသို့ မီးသတ်တပ်ဖွဲ့ဝင်များ ဝင်ရောက်မီးငြိမ်းသတ်သည့်အခါ ခန္ဓာကိုယ်တွင် မီးကာဝတ်စုံဝတ်ဆင်၍ မီးငြိမ်းနည်းများ၊ မီးခိုးမွန်နေသော တိုက်ခန်းအတွင်း ဝင်ရောက်မီးငြိမ်းသတ်စဉ် အသက်ရှူကိရိယာအား ကျောကုန်းတွင် ဝတ်ဆင်အသုံးပြု၍ ရဲဝံ့စွန့်စားစွာ မီးငြိမ်းနည်းများအား လက်တွေ့သင်ကြားပေးခဲ့သည်။

မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနသည် ခေတ်မီ မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကိုလည်း ဝယ်ယူဖြည့်ဆည်းပေးထားသည်။ Hydraulic Cutter သည် မီးလောင်မှုဖြစ်စဉ်နှင့် ဘေးအန္တရာယ်တစ်ခုခုကြောင့်ဖြစ်စေ သံလုံး၊ သံပိုက်များ ဖြတ်တောက်ရန် အသုံးဝင်သည်။ လူမရှိသော နေအိမ်တိုက်ခန်းများ မီးလောင်စဉ် သော့များ၊ ပတ္တာများကို အလွယ်တကူ ဖြတ်တောက်၍ မီးငြိမ်းသတ်နိုင်သည်။ အလားတူ Hydraulic Spreader ကို ယာဉ်မီးလောင်မှု၊ ယာဉ်မတော်တဆမှုများတွင် ကားခေါင်းအတွင်း ပိတ်မိနေသောလူကို ကယ်တင်ရန် အသုံးပြုကြသည်။ Engine Cutter ကို ငလျင်ဘေးအန္တရာယ်ကြုံတွေ့ရပါက ပိတ်မိသောတိုက်အတွင်း ပြိုကျနေသော နံရံကို ဖြတ်ထုတ်ကယ်ဆယ်ရန် အသုံးပြုသည်။ ယာဉ်မတော်တဆတိမ်းမှောက်မှုများတွင် Hydraulic Ran နှင့် Hydraulic Power



liftingBag တို့ကိုလည်း ယာဉ်များ မ,တင်ရန် အမြန်လမ်းမီးသတ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနသည် ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ဘဏ္ဍာနှစ်အလိုက် ခေတ်မီ မီးသတ်တပ်ဖွဲ့များဖြစ်စေရေးအတွက် ပိုလန်နိုင်ငံထုတ် ခေတ်မီ မီးသတ်ယာဉ်များ၊ အထပ်မြင့်အဆောက်အအုံ မီးငြိမ်းသတ်နိုင်သော လှေကားတင်မီးသတ်ယာဉ်ကြီးများ၊ စက်ရုပ်မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များကိုလည်း ဝယ်ယူဖြည့်တင်းပေးခဲ့သည်။

မီးသတ်တပ်ဖွဲ့သည် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး၊ မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး သန္နေမီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ခန့်ထားခြင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့စည်းရုံးဖွဲ့စည်းခြင်း၊ သီးသန့်မီးသတ်တပ်ဖွဲ့၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းပေးခဲ့သည်။ မြို့နယ်များတွင် သန္နေမီးသတ်စခန်းများ၊ အရန်မီးသတ်စခန်းများ တိုးချဲ့တည်ဆောက်ပေးခဲ့ပြီး မီးသတ်ယာဉ်နှင့် စက်ကိရိယာများ ပံ့ပိုးပေးခဲ့သည်။

မီးသည်သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဟူသော အဆိုအတိုင်းပင် ပေါ့ဆခြင်း၊ သတိလက်လွတ်ဖြစ်ခြင်း၊ မေ့လျော့ခြင်းများကြောင့် လူတို့၏ စည်းစိမ်တိုက်တာ အိမ်ရာများကို တစ်ခဏခြင်းဝါးမျိုပစ်တတ်သော ရန်သူကြီးအဖြစ်လည်း မကြာခဏ ကြုံရသည်။ မြန်မာနိုင်ငံ၏ မီးလောင်မှုများတွင် ပေါ့ဆမီးကြောင့် လောင်ရသော



မီးလောင်မှုများမှာ အများဆုံးဖြစ်သည်။ နေအိမ်များတွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများလည်း ဖြစ်ပွားလေ့ရှိသည်။မီးဖိုများသုံးစွဲပြီးပါက မမေ့မလျော့ မီးငြိမ်းသတ်ရန် လိုအပ်သည်။ မိသားစုများ အပြင်ထွက်မည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများ မီးပိတ်ခြင်း၊ ပလပ်ဖြုတ်ခြင်း၊ မိန်းခလုတ်ချခြင်းများ ပြုလုပ်သွားသင့်သည်။ ထို့အပြင် ညအိပ်ရာဝင်ချိန် ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများ ငြိမ်းသတ်ပြီးမှသာ အိပ်ရာဝင်သင့်သည်။

မီးလောင်လွယ်သော ပစ္စည်းများအနီးတွင် ဖယောင်းတိုင်မီးထွန်းခြင်း၊ ဘုရားမီးပူဇော်ခြင်း၊ ဖယောင်းတိုင်ဖြင့် စာကြည့်ခြင်း၊ ဖယောင်းတိုင်မီးဖြင့် အမှတ်တမဲ့ မော်တော်ယာဉ်ဆီဖြည့်ခြင်း၊ အိပ်ရာအနီး ခုတင်ပေါ်တွင် ဖယောင်းတိုင်နှင့် ခြင်ဆေးခွေထွန်းထားခြင်းတို့သည် မတော်တဆ မီးလောင်နိုင်သဖြင့် သတိပြုရှောင်ရှားသင့်သည်။ ပူပြင်းသောနွေလယ်ခင်းတွင် မော်တော်ယာဉ်များ ဆီဖြည့်ခြင်း၊ စက်သုံးဆီဖလှယ်ခြင်းပြုလုပ်စဉ် ပွတ်တိုက်မှုကြောင့် သဘာဝတည်ငြိမ်လျှပ်စစ် ဖြစ်ပေါ်တတ်သဖြင့် မီးလောင်မှုများ ဖြစ်ပေါ်နိုင်ရာ ရာသီဥတုပူပြင်းချိန် ပလတ်စတစ်ပုံးများဖြင့် စက်သုံးဆီထည့်ခြင်း၊ ဖလှယ်ခြင်းများကို ရှောင်ရှားသင့်သည်။

မော်တော်ယာဉ်များ မိုးရွာချိန် ဝါယာရှော့ဖြစ်၍ မီးလောင်နိုင်ခြင်း၊ ဂက်စ်အိုးယာဉ်များ ပိုက်ဆက်ပြုတ်၍ ဒိုင်နမိုနှင့် ထိတွေ့၍ မီးလောင်နိုင်ခြင်း၊ ကားစက်နိုးထားစဉ် ဆီထည့်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ဖုန်းပြောခြင်းတို့ကြောင့် မီးလောင်တတ်သဖြင့် အထူးသတိပြု ရှောင်ကြဉ်ရန် လိုအပ်သည်။ မီးလောင်မှုဖြစ်ပွားပါက အလွယ်တကူ မီးငြိမ်းသတ်နိုင်ရန် ဓာတုဗေဒပေါင်ဒါမီးသတ်ဆေးဘူး မော်တော်ယာဉ်များတွင် ဆောင်ထားသင့်သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က အင်အား ၇ ဒသမ၇ အင်အားကြီး ငလျင်လှုပ်ခတ်မှုကြောင့် ဖြစ်ပွားသော ငလျင်ဘေးသင့်ပြည်သူများအား ရဲဝံ့စွန့်စားစွာ အဆောက်အအုံအတွင်း ပိတ်မိနေသော ပြည်သူများအား ရှာဖွေကယ်ဆယ်ခြင်း၊ ငလျင်ဘေးကြောင့် ပျက်စီးနေသော သာသနိက အဆောက်အအုံများ၊ အထပ်မြင့်အဆောက်အအုံများအား ရှင်းလင်းဖယ်ရှားခြင်း၊ ပိတ်မိသေဆုံးသူများအား ထုတ်ယူပေးခြင်း၊ ပြိုပျက်အဆောက်အအုံအတွင်းမှ တွေ့ရှိသော ရွှေငွေရတနာပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို မူလပိုင်ရှင်များထံ လက်ရောက်အပ်နှံခြင်း၊ သောက်သုံးရေ အခက်အခဲဖြစ်သော ရပ်ကွက်နှင့် ကျေးရွာများသို့ မီးသတ်ရေသယ်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် ပြည်သူများ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးများမှ ကင်းဝေးစေရန် အစဉ်နိုးကြားသော သတိနှင့် ကာကွယ်စောင့်ရှောက်ရန် အသင့်ရှိနေသလို ပြည်သူများအားလုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေရေး မေ ၅ ရက်တွင် ကျရောက်သော နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုရေးသား တင်ပြလိုက်ရပါသည်။

မောင်ပြည်သူ(မန္တလေး)

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ပွဲတော်ကျွန်တန်းရပ်ကွက်အတွင်းရှိ အရှေ့လားသော်-၁၀ ပေလမ်း၊ အနောက်လားသော်-ဒေါ်အေးမြင့်မြေအစပ်၊ တောင်လားသော်-ဦးကိုကြီး၊ ဒေါ်သင်းသင်းနွယ်မြေအစပ်၊ မြောက်လားသော်-ဒေါ်ခင်သန်း စသည့် နယ်လေးရပ်အတွင်း တည်ရှိသော တောင်-မြောက် ၁၅ ပေ၊ အရှေ့-အနောက် ပေ ၅၀ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ရင်ရွှေ(ဘ)ဦးတင်အေး(၉/အမရ(နိုင်)၀၅၀၂၇၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| ဒေါ်သက်သက်မာ | ဒေါ်ချိုချိုသင်း | ဒေါ်ရွှေရည်ဝင်း |
|---|---|---|
| (LL.B , D.B.L) | (LL.B , D.B.L) | (LL.B ) |
| (စဉ်–၁၂၃၈၀) | (စဉ်–၁၃၂၉၉) | (စဉ်–၂၀၂၃၀) |

**တရားလွှတ်တော်ရှေ့နေများ**

**တံခွန်တိုင်၊ ဈေးတန်းရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၄၄၀၁၄၁၉၂ ၊ ၀၉–၉၆၉၇၅၉၃၃၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၁)၊ ဦးပိုင်အမှတ်(၈-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဦးမောင်မောင်ကြီး အမည်ပေါက်ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်မို့မို့စံ(ဘ)ဦးစံမြင့်(၈/တတက(နိုင်)၀၉၈၄၇၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ–၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ပုသိမ်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၉၇-ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(၁၀၆/၃)၊ ဧရိယာ(၁ ဒသမ ၃၀) အကျယ်အဝန်းရှိ ဒေါ်သန်းနွဲ့ အမည်ဖြင့် လုပ်ပိုင်ခွင့်ရရှိထားသော လယ်ယာမြေကွက်အတွင်းမှ (၂၀×၄၀)အကျယ်အဝန်းရှိ မြေကွက်အား ကျွန်မ ဒေါ်မိုးဝါ(၉/နထက(နိုင်)၀၁၇၄၄၈)ကိုင်ဆောင်သူမှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါသည်။ သို့ဖြစ်ပါ၍ ၄င်းမြေကွက်အား ကျွန်မသဘောဆန္ဒအလျောက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာပါရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မမိုးဝါ(ဘ)ဦးမြရွှေ (၉ /နထက(နိုင်)၀၁၇၄၄၈)**

**ဖုန်း ၀၉–၄၅၆၀၃၆၆၆၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၀၆)၊ ဦးပိုင်အမှတ်(၈၂/၁-စ)၊ ဧရိယာ(၀ ဒသမ ၀၆၈၈)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ကျွန်မ ဒေါ်ကြင်(ခ)ဒေါ်မြင့်မြင့်ချို အမည်ပေါက် ဂရန်အမှတ်အမှတ်(၄၅၁၇/၂၀၂၅-၂၀၂၆)အရ နှစ်(၃၀)ဂရန် ရရှိထားသော မြေကွက်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ ဂရန်မြေကွက်နှင့်ပတ်သက်ပြီး ကျွန်မ ဒေါ်ကြင်(ခ)ဒေါ်မြင့်မြင့်ချို(ဘ)ဦးအကြောင်(၉/မနမ(နိုင်)၀၃၀၂၅၂) သိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အခြားသူတစ်ဦးထံသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်း စသည့် တစ်စုံတစ်ရာ မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြင်(ခ)ဒေါ်မြင့်မြင့်ချို (၉ /မနမ(နိုင်)၀၃၀၂၅၂)**

## ‘ရောင်ခြည်’ အမည်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၄၃လမ်း၊ ၅၈လမ်းနှင့် ၅၉လမ်းကြားနေ **ဒေါ်အေးယုအောင်(ဘ) ဦးတင်အောင်(၁၃/ကစန(နိုင်)၀၆၉၁၈၆)** ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**‘ရောင်ခြည်’ စာချုပ်အမှတ် – (၆၅၃ / ၂၀၂၆)**

ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်အေးယုအောင်**သည် အထက်ဖော်ပြပါ **‘ရောင်ခြည်’**တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-**(၆၅၃ / ၂၀၂၆)** အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမည်အမှတ်တံဆိပ်ဖြင့် **(ဘော်ဒါဆောင်၊ ပညာရေးနှင့်ပတ်သက်သော ဝန်ဆောင်မှုအမျိုးမျိုး)**လုပ်ငန်းတို့ပေါ်တွင် ဆိုင်းဘုတ်၊ ချိတ်ဆွဲ၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ ပုံနှိပ်၍ လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်အေးယုအောင်** ပိုင် **‘ရောင်ခြည်’** အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲ၍ **(ဘော်ဒါဆောင်၊ ပညာရေးနှင့်ပတ်သက်သော ဝန်ဆောင်မှုအမျိုးမျိုး)**လုပ်ငန်းတို့ပေါ်တွင် ဆိုင်းဘုတ်ချိတ်ဆွဲ၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ ပုံနှိပ်၍ လုပ်ဆောင်ခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်အေးယုအောင်** ၏ အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**

**Office – အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## " One One " ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၅၄လမ်း၊ ၁၁၁(ဂျီ)လမ်းထောင့်၊ အမှတ်(ဖ-၁၉/၁၃၈)နေ **ဒေါ်နင်နိတ်ဟွိုင်(ဘ)ဦးကျုံးခိုထန်(၅ /တမန(နိုင်)၀၆၃၅၃၆)** ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**" One One " စာချုပ်အမှတ် – (၅၇၁ / ၂၀၂၆)**

ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်နင်နိတ်ဟွိုင်** သည် အထက်ဖော်ပြပါ **" One One "** တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-**(၅၇၁/ ၂၀၂၆)** အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်ဖြင့် **(သောက်ရေသန့်အမျိုးမျိုး)**တို့ပေါ်တွင် ကပ်နှိပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်နင်နိတ်ဟွိုင်** ပိုင် **" One One "** အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲ၍ **(သောက်ရေသန့်အမျိုးမျိုး)**ပေါ်တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ **ဒေါ်နင်နိတ်ဟွိုင်** ၏ အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**

**Office – အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ - ပါကစ္စတန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေး၊ ပညာရေးနှင့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ဆေးဘက်ဆိုင်ရာ နီးနှောဖလှယ်ပွဲများ၊ ကုသရေးအတွေ့အကြုံများဖလှယ်ခြင်းနှင့် ဆေးဘက်ဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား လက်ခံတွေ့ဆုံစဉ်။

# ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ၊ နည်းပြ၊ အုပ်ချုပ်သူများ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ရှိ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်ပြပွဲသို့ သွားရောက်လေ့လာကြည့်ရှု

နေပြည်တော် မေ ၄

နွေရာသီကျောင်းပိတ်ရက် ကာလအတွင်း ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ် မောင်မယ်များကို ရေကြောင်းပညာနှင့် လေကြောင်းပညာဆိုင်ရာ ဗဟုသုတများ ရရှိတိုးပွားစေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများကို ဧပြီ ၂၇ ရက်က သက်ဆိုင်ရာမြို့နယ် အသီးသီးရှိ သင်တန်းစခန်းများ၌ စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိသည့် ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများနှင့် နည်းပြ၊ အုပ်ချုပ်သူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ရှိ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြပွဲသို့ ရောက်ရှိလေ့လာကြသည်။

ဦးစွာ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများနှင့် နည်းပြ၊



အုပ်ချုပ်သူများသည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား လေ့လာဖတ်ရှုကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများနှင့် နည်းပြ၊ အုပ်ချုပ်သူများသည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ် အထူးပြပွဲတွင် ပထမသင်္ဂါယနာတင်မှ ဆဋ္ဌမသင်္ဂါယနာတင် အကြောင်းအရာများနှင့် ယနေ့ခေတ် သာသနာတော်ဆိုင်ရာ ဆောင်ရွက်ချက်များကို ပြကွက် ၁၀ ကွက်ဖြင့် ပြသထားရှိမှုများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြည်ညိုကြရာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ)မှ တာဝန်ရှိသူများက ပြခန်းကဏ္ဍအလိုက် ဗဟုသုတရရှိဖွယ်များကို လိုက်လံရှင်းလင်းပြသကြပြီး သင်တန်းသား သင်တန်းသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားပေးသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများအား ဗုဒ္ဓဆိုင်ရာ အမေးအဖြေများ ပြုလုပ်ကာ ဆုံးမဩဝါဒစကားများ ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဆဋ္ဌသင်္ဂါယနာတင်ရခြင်း သမိုင်းကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ကြောင်းနှင့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ်ပြခန်းကို မေ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်၍ ထေရဝါဒ ဗုဒ္ဓသာသနာတော် တည်တံ့ခိုင်မြဲစေရန် ခေတ်အဆက်ဆက် ဝိုင်းဝန်းကြိုးပမ်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ပုံများကို ဗုဒ္ဓဘာသာဝင် ပြည်သူများ အနေဖြင့် လေ့လာကြည့်ရှု ကြည်ညိုသဒ္ဓါပွားများနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အီတလီစီးရီးအေဖလား ချန်ပီယံဆုကို အင်တာမီလန်အသင်း ဆွတ်ခူး

**မီလန် မေ ၄**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အီတလီစီးရီးအေဖလား ချန်ပီယံဆုကို အင်တာမီလန်အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အင်တာမီလန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ အီတလီစီးရီးအေပွဲစဉ် (၃၅)ပွဲ ကစားအပြီးတွင် ရမှတ် ၈၂မှတ်ဖြင့် အဆင့်(၂)နေရာမှ နာပိုလီအသင်းကို ၁၂မှတ်အထိဖြတ်ထားကာ ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလိုမှာပင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အင်တာမီလန်အသင်း အီတလီစီးရီးအေ ချန်ပီယံဆု ဆွတ်ခူးပြီးနောက် အသင်းပရိသတ်များကလည်း တစ်ခဲနက် အောင်ပွဲခံခဲ့ကြသည်။

အင်တာမီလန်အသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် အီတလီစီးရီးအေဖလား ချန်ပီယံဆုကို (၂၁)ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

(NGB)

၀-၀-၀-၀

